Post-test counselling service was given. အိတ်ချ်အိုင်ဗွီရောဂါ သိကောင်းစရာ ကြောင်းအရာ များအား ဆွေးနွေးပေးခြင်း (သွေးအဖြေသိရှိပြီး)	YES	NO	
Referral to advance health care center was done. ကုသမှုပေးနိုင်သောကျန်းမာရေးဌာနသို့ လွှဲပြောင်း/ညွှန်းပို့ခြင်း။	YES	NO	

Medical Emergency Management အရေးပေါ် ဆေးကုသမှုဆိုင်ရာ စီမံခန့်ခွဲမှု		
Clinical team members (All) received Emergency Management training. ဆေးကုသရေးအဖွဲ့ဝင်များ (အားလုံး) သည် အရေးပေါ်ဆေးကုသမှု သင်တန်း ရရှိပြီးဖြစ်သည်	YES	NO
Emergency Management equipments are easily available. (spare in stock or can be managed if expired or out of stock) Emergency Management ပစ္စည်းများကို အလွယ်တကူ ရရှိနိုင်သည်။ (stock အပိုထားရှိသည် (သို့) ရက်လွန် ပစ္စည်းများ ရှိခြင်း / stock ပြတ်လပ်ခြင်းများရှိပါက စီမံထားရှိနိုင်ရမည်။)	YES	NO
Regular check for emergency equipment was done. အရေးပေါ်ပစ္စည်းကိရိယာများကို ပုံမှန်စစ်ဆေးမှု ပြုလုပ်သည်။	YES	NO
All drugs kept in clearly marked separate boxes/packages/containers. with contents, dosage and expiry dates clearly visible. ဆေးဝါးများအားလုံးကို ၄င်းတို့၏ ပါဝင်ပစ္စည်းများ၊ ဆေးညွှန်းများ နှင့် သက်တမ်းကုန်ဆုံးမည့်နေ့ များအား အလွယ်တကူ မြင်နိုင်စေရန် သီးသန့် မှတ်သားထားသည့် ဆေးပုံးများ၊ အထုပ်များ၊ ဘူးများဖြင့်ထားရှိသည်။	YES	NO
Suction for airway is available. Electric/manual. အသက်ရှူလမ်းကြောင်းပိတ်လျှင် အသုံးပြုရသည့် ခွဲစိုပ်စက်/ ကိရိယာ ရှိသည်။ (Electric/manual.)	YES	NO
Ambu bag/valve mask is available အရေးပေါ် အသက်ရှူခက်ခဲလာသောအခါ အသက်ရှူလွယ်ကူစေရန်အတွက် အသုံးပြုရသော Ambu bag/valve mask ရှိသည်။	YES	NO
There are materials to give oxygen in situation of emergency (အရေးပေါ် အခြေအနေတွင် အောက်ဆီဂျင်ပေးနိုင်ရန် အတွက် လိုအပ်သော ပစ္စည်းများရှိသည်။)	YES	NO

IV Cannulae in various gauge (adult and child) IV Cannulae (အကြောဆေးသွင်းလျှင် အသုံးပြုရသော အပ်) ဆိုဒ် အစုံရှိသည်။) (လူကြီးသုံး နှင့် ကလေးသုံး)	YES	NO
Drip set or Infusion set အကြောဆေးသွင်းရသောအခြေအနေတွင် အသုံးပြုရသော ပစ္စည်းများအစုံရှိသည်။	YES	NO
Tegaderm or Canula plaster အကြောဆေးသွင်းရသောအခြေအနေတွင် အသုံးပြုရသော ပစ္စည်းများအစုံရှိသည်။	YES	NO
Sterile gloves x 2 pairs each of small and large ပိုးကင်းသန့်စင်သောလက်အိတ် x အရွယ်အစား အသေးနှင့် အကြီး ၂ စုံစီ	YES	NO
Syringes and needles, size 2ml, 5ml, 20ml ဆေးထိုးပြွန်နှင့်ဆေးထိုးအပ်၊ အရွယ်အစား 2ml, 5ml, 20ml	YES	NO
IV Tourniquet သွေးယိုစိမ့်မှုတားဆီးနိုင်ရန် သို့မဟုတ် သွေးကြောပေါ်စေရန် ခေတ္တစည်းနှောင်ရသော အဝတ်စ သို့မဟုတ် ကြိုး	YES	NO
Combat Tourniquet သွေးယိုစိမ့်မှုတားဆီးနိုင်ရန် သို့မဟုတ် သွေးကြောပေါ်စေရန် ခေတ္တစည်းနှောင်ရသော အဝတ်စ သို့မဟုတ် ကြိုး	YES	NO
Stethoscope နားကြပ်	YES	NO
BP cuff သွေးပေါင်ချိန်တိုင်းကိရိယာ	YES	NO
Glucometer (Test + Lancet + Alcohol pad + batteries ဆီးချိုသွေးချို တိုင်းတာသောစက်	YES	NO

Pulse Oximeter သွေးအတွင်း အောက်ဆီဂျင်တိုင်းသော စက်ကိရိယာ	YES	NO
Urine catheter and bag (adult size catheter) ဆီးပြွန်နှင့်ဆီးအိတ် (လူကြီးဆိုက်ဒ်)	YES	NO
Atropine sufficient for 2 x 3mg doses (usually stocked in 0.5mg or 0.6mg vials)	YES	NO
Adrenaline 1 in 1,000 x 2	YES	NO
Chlorpheniramine 10mg/ml x 2 ampoules or equivalent antihistamine	YES	NO
Hydrocortisone 100mg x 2 powder vials	YES	NO
Salbutamol 2.5mg Inhaler	YES	NO
25% Glucose and/or 50% for IV use in hypoglycaemia	YES	NO
Diazepam 10mg (for IV use)	YES	NO
Water for injection	YES	NO
Oxytocin 10IU/ml or 5IU/ml	YES	NO
0.9% Saline 500ml, x 2 bags or equivalent	YES	NO
Hartmans solution,/ Ringers Lactate x 2 bags or 1L equivalent	YES	NO

Maternal and Reproductive Health ကိုယ်ဝန်ဆောင်မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေး				
သင်တန်းနှင့်အသိပညာ (သင်တန်းများမှ သင်ယူခဲ့ပြီး မိမိနားလည်ထားသော အချက်အလက်များကိုသာ ဖြေကြားရန်)				
Clinical team members received MRH training? MRH Service အတွက် တာဝန်ယူဆောင်ရွက်နေသော ကျန်းမာရေးလုပ်သားများသည် MRH သင်တန်းကို ရရှိထားပါသည်။ (သင်တန်းကာလ ၆လ မှ ၁၀ လ တာ ကြာမြင့်သော MRH နှင့် ပတ်သက်သော သင်တန်းကို ဆိုလိုပါသည်)	☐	YES	☐	NO
What is Respectful Maternity Care? Respectful Maternity Care (မိခင်အား လေးစားစွာ စောင့်ရှောက်မှု) ကို မည်သို့ နားလည်ပါသလဲ။ (အဓိပ္ပာယ်ဖွင့်ဆိုချက်: ကိုယ်ဝန်ဆောင်မိခင်အား လေးစားစွာ စောင့်ရှောက်မှုပေးခြင်း ဆိုသည်မှာ အမျိုးသမီးတို့၏ ဂုဏ်သိက္ခာ၊ ကိုယ်ရေးကိုယ်တာလုံခြုံမှု နှင့် လျှို့ဝှက်ချက်များကို ထိန်းသိမ်းပေးသော၊ ဘေးအန္တရာယ်နှင့် ကုသမှုအမှားများမဖြစ်စေမှုကို သေချာစေသော၊ ကိုယ်ဝန်ဆောင်စဉ်နှင့် ကလေးမွေးဖွားချိန်အတွင်း အသိပေးရှင်းပြထားပြီး သော ရွေးချယ်မှုများ ပြုလုပ်စေနိုင်ခြင်း နှင့် စဉ်ဆက်မပြတ်သော အထောက်အကူများ ရရှိစေနိုင်ခြင်း စသည့် အမျိုးသမီးများ အားလုံးအတွက် စုစည်းထားသော ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အပြုအမူနည်းလမ်းများကို ဆိုလိုသည်။)	☐	YES	☐	NO
What are the contraceptive methods? သားဆက်ခြား နည်းလမ်းများကို ဖော်ပြပါ ။	☐ ☐ ☐ ☐ ☐ ☐ ☐ ☐ ☐ ☐ ☐	COC POP Depo Implants IUD Condoms Diaphragm Vasectomy Tubal Liagation LAM Withdrawl Natural Family Planning		

What is family planning counseling? (သားဆက်ခြားနည်းလမ်းများအား ဆွေးနွေးတိုင်ပင်ခြင်း ဆိုသည်မှာ ဘာလဲ။) (အဓိပ္ပာယ်ဖွင့်ဆိုချက်: ကလေးအရေအတွက်နှင့် မိသားစုအတွင်း ကလေးခြားခြင်းနှင့် ပတ်သက်၍ အသိပေးပြီး မိမိဆန္ဒအလျောက်ရွေးချယ်စေခြင်း)	☐	YES	☐	NO
ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးရမည့်အချိန်ကာလ (ANC Timing)	☐ ☐ ☐ ☐	1st Visit – < 14 wk 2nd Visit – 15 to 28 wk 3rd Visit – 29 to 34 wk 4th Visit – >= 35 wk		
Abdominal examination ပြုလုပ်စဉ် ပါဝင်ရမည့် အချက်များကို သင်မှတ်မိသလောက် ဖော်ပြပါ။	☐ ☐ ☐ ☐ ☐ ☐ ☐	1. သားအိမ်အရွယ်အစားကိုကြည့်၍ ကိုယ်ဝန်သက်တမ်းကိုသတ်မှတ်ပါ။ 2. သန္ဓေသား အရေအတွက်ကို စမ်းသပ်ပါ။ 3. symphysis–fundus အမြင့်ကိုတိုင်းတာပါ။ 4. သန္ဓေသား၏ lie နှင့် presentation ကိုအကဲဖြတ်ပါ။ 5. ရေမြွှာရည်ပမာဏကိုအကဲဖြတ်ပါ။ 6. သန္ဓေသားနှလုံးခုန်သံကိုနားထောင်ပါ။ 7. သန္ဓေသားလှုပ်ရှားမှုများကိုစစ်ဆေးပါ။		
ကလေးမမွေးဖွားမီသွေးသွန်ခြင်းကို ဖြစ်စေသည့် အကြောင်းရင်းများ (အနည်းဆုံး ၃ချက်ကို ဖြေသင့်ပါသည်)	☐ ☐ ☐ ☐ ☐	1. အချင်းစောကွာခြင်း 2. အချင်းရှေ့ရောက်ခြင်း 3. သားအိမ်ကွဲခြင်း 4. ကလေးအသေမွေးခြင်း 5. သားအိမ်ခေါင်းဒဏ်ရာရခြင်း		

ကလေးမွေးဖွားခြင်းတတိယအဆင့်ကို ပြုလုပ်ရမည့် အချက်များကို မှတ်မိသလောက် ဖော်ပြပါ။	☐ ☐ ☐ ☐ ☐ ☐	1. သားအိမ်လှုံ့ဆော်သော ဆေးပေးခြင်း 2. ၁ မိနစ်မှ ၃ မိနစ်အတွင်း ချက်ကြိုးအား clamp လုပ်ခြင်း 3. သားအိမ်ကို လက်တဖက်ဖြင့် ပင့်တင်၍ ချက်ကြိုးကို ထိန်း၍ အချင်း ဆွဲထုတ်ခြင်း (Controlled cord traction) 4. အချင်းမွေးဖွားခြင်း ပြည့်စုံမှု ရှိမရှိ စစ်ဆေးခြင်း 5. သားအိမ်ကိုနှိပ်နယ်ပေးခြင်း (Massage of theh uterine fundus) 6. အကယ်၍ အချင်းမကွာပါက အချင်းကွာ မချိန် ၁ နာရီအထိ စောင့်ကြည့်ခြင်း
မွေးဖွားမှုဖြစ်စဉ်ပြဇယား (partograph) ၏အစိတ်အပိုင်းများ ကိုဖော်ပြပါ။	☐ ☐ ☐	1. မိခင်အခြေအနေ 2. သန္ဓေသားလောင်း၏ အခြေအနေ 3. မွေးဖွားခြင်းဖြစ်စဉ် တိုးတက်မှု
Causes of PPH (မွေးဖွားပြီး သွေးသွန်ခြင်းကို ဖြစ်စေသော အကြောင်းအရာများ)	☐ ☐ ☐ ☐	1. သားအိမ်ပြန်မကျုံ့နိုင်ခြင်း (Uterine atony) 2. သားအိမ်ဒဏ်ရာရခြင်း (Trauma/ intra-abdominal injury) 3. အချင်းကျန်ခြင်း သို့မဟုတ် အချင်းမူမမှန်ဖြစ်ခြင်း (Retained placenta or placental abnormalities) 4. Coagulopathy

မွေးပြီးစောင့်ရှောက်မှုပေးရမည့်အချိန်ကာလ	☐ ☐ ☐	1. ပထမအကြိမ် >> မွေးဖွားပြီး ၂၄ နာရီအတွင်း (အိမ်တွင် သို့မဟုတ် ဆေးခန်းတွင်) 2. ဒုတိယအကြိမ် >> မွေးဖွားပြီး ၂ - ၇ ရက် အတွင်း 3. တတိယအကြိမ် >> မွေးဖွားပြီး ၈ - ၄၂ ရက် အတွင်း		
ထောက်ပံ့ရေးပစ္စည်းများနှင့်ကိရိယာများ (အသုံးပြုခြင်းအပါအဝင်) (VTHC ဆေးခန်းများတွင်သာ စစ်ဆေးရမည်)				
လူနာကုတင် (ANC bed) ၊ အိပ်ရာခင်း၊ စောင်၊ ခေါင်းအုံး	☐	YES	☐	NO
မွေးကုတင်(delivery bed)	☐	YES	☐	NO
မွေးဖွားပြီးချိန် နားနေကုတင် (PNC bed)	☐	YES	☐	NO
Gooseneck မီးအိမ်	☐	YES	☐	NO
Umbilical clump (forceps) 8” : 2 Number or Set	☐	YES	☐	NO
Sponge forceps 9” size : 1 Number or Set	☐	YES	☐	NO
Dissecting forceps with tooth 13 cm. : 2 Number or Set	☐	YES	☐	NO
Tenaculum : 1 Number or Set	☐	YES	☐	NO
Forceps Jar (2” x 4.5”) : 1 Number or Set	☐	YES	☐	NO
Artery Forceps Curves : 3 Number or Set	☐	YES	☐	NO
Cheatle forcep : 1 Number or Set	☐	YES	☐	NO
Episiotomy scissor 14” : 1 Number or Set	☐	YES	☐	NO
Umbilical scissor 10.5 cm. : 1 Number or Set	☐	YES	☐	NO
Needle holder (10–16) 16 cm : 1 Number or Set	☐	YES	☐	NO
Kidney Tray (Big Side) 10” : 1 Number or Set	☐	YES	☐	NO

Instruments tray (Big Side) 12”x 8”x 2” : 1 Number or Set	☐	YES	☐	NO
Uterine Sound : 1 Number or Set	☐	YES	☐	NO
Small bowl (with cover) 5”X 5” : 1 Number or Set	☐	YES	☐	NO
Small bowl (without cover) 4”x 3” : 1 Number or Set	☐	YES	☐	NO
Speculum grave or cusco small : 1 Number or Set	☐	YES	☐	NO
Speculum grave or cusco medium : 1 Number or Set	☐	YES	☐	NO
Speculum grave or cusco large : 1 Number or Set	☐	YES	☐	NO
Sims Vaginal speculum : 1 Number or Set	☐	YES	☐	NO
Digital Weight scale (For baby) : 1 Number or Set	☐	YES	☐	NO
Weight scale (Adult) : 1 Number or Set	☐	YES	☐	NO
Weight scale (For baby) (Hanging) : 1 Number or Set	☐	YES	☐	NO
Manual Vacuum Aspiration (MVA) Set : 1 Number or Set	☐	YES	☐	NO
Kiwi suction set : 1 Number or Set	☐	YES	☐	NO
Non–stretchable Measuring Tape : 1 Number or Set	☐	YES	☐	NO
Cord Ties /Cord clamp : 2 Number or Set	☐	YES	☐	NO
Suction Ball / Penguin Suction : 1 Number or Set	☐	YES	☐	NO
Bed pan –Plastic : 1 Number or Set	☐	YES	☐	NO
Breast pump : 1 Number or Set	☐	YES	☐	NO
Boiling Pot : 1 Number or Set	☐	YES	☐	NO
Head light : 1 Number or Set	☐	YES	☐	NO
Nasogastric tube (neonate) 2 sizes : 1 Number or Set	☐	YES	☐	NO

Rubber boots : 1 Number or Set	☐	YES	☐	NO
Goggle and cap : 1 Number or Set	☐	YES	☐	NO
Apron : 1 Number or Set	☐	YES	☐	NO
Suturing thread or Nylon various numbers : 1 Number or Set	☐	YES	☐	NO
Suturing chromic various numbers : 1 Number or Set	☐	YES	☐	NO
Wool Cap for newborn : 1 Number or Set	☐	YES	☐	NO
Wool gloves & socks for newborn : 1 Number or Set	☐	YES	☐	NO
Resuscitation Bag for newborn : 1 Number or Set	☐	YES	☐	NO
Resuscitation Mask 2 sizes for newborn : 1 Number or Set	☐	YES	☐	NO
Warm towels : 3 Number or Set	☐	YES	☐	NO
Clean Plastic bag : 1 Number or Set	☐	YES	☐	NO
Surgical Glove No. 6, 6.5, 7, 7.5 : 2 each Number or Set	☐	YES	☐	NO
Urinary Catheter Size 10/12/14 : 1 each Number or Set	☐	YES	☐	NO
Sphymomanometer Normal Adult : 1 Number or Set	☐	YES	☐	NO
Sphymomanometer big cuff Adult : 1 Number or Set	☐	YES	☐	NO
Stethoscope (Adult) : 1 Number or Set	☐	YES	☐	NO
Fetal Stethoscope : 1 Number or Set	☐	YES	☐	NO
Thermometer : 1 Number or Set	☐	YES	☐	NO
KMC wrapping : 1 Number or Set	☐	YES	☐	NO
Pulse oximeter : 1 Number or Set	☐	YES	☐	NO
Oxygen cylinder : 1 Number or Set	☐	YES	☐	NO

Oxygen nasal cannula for baby : 1 Number or Set	☐	YES	☐	NO
Oxygen Mask for mother : 1 Number or Set	☐	YES	☐	NO
Cannula yellow & purple for newborn IV line : 5 Number or Set	☐	YES	☐	NO
Helping Babies Breathe Action Plan Chart : 1 Number or Set	☐	YES	☐	NO
Peadiatric drip set (60 dropper) : 2 Number or Set	☐	YES	☐	NO
Functioning Wall clock : 1 Number or Set	☐	YES	☐	NO

Child Health (Non–IMCI trainees)				
Child Health Knowledge in general (Assess the knowledge and practice of the followings) ကလေးကျန်းမာရေးနှင့် ပတ်သက်သော အသိပညာများအား ဆန်းစစ်သော မေးခွန်းများ ဖြစ်ပါသည်။				
Knowledge on importance of U5 mortality and neonatal mortality. ၅ နှစ်အောက် နှင့် မွေးကင်းစ ကလေး သေဆုံးမှုသည် အဘယ့်ကြောင့် အရေးကြီးပါသနည်း။ • U5 mortality is an indicator for the country health status ၅ နှစ်အောက်ကလေး သေဆုံးမှုသည် နိုင်ငံတစ်နိုင်ငံ၏ ကျန်းမာရေး အခြေအနေကို ထင်ဟတ်သော အညွှန်းကိန်း ဖြစ်ပါသည်။ • Among U5 mortality, neonatal mortality is the highest. (~50%). It means if neonatal mortality drops down well U5 child mortality will be down. ၅ နှစ်အောက်ကလေး သေဆုံးမှု၏ ထက်ဝက်ခန့်သည် မွေးကင်းစ ကလေးများ ဖြစ်ကြပါသည်။ မွေးကင်းစကလေးသေဆုံးမှု လျော့ကျလာပါက ၅ နှစ်အောက်ကလေး သေဆုံးမှုလဲ လျော့ကျလာမည်ဖြစ်ပါသည်။	☐	YES	☐	NO
Common causes of under 5 mortality in Myanmar? (neonatal & > neonate U5) မြန်မာနိုင်ငံတွင် ၅ နှစ်အောက် ကလေးသေဆုံးမှုကို ဖြစ်စေသော အဖြစ်များသည့် အကြောင်းအရင်းများကို ဖော်ပြပေးပါ။ Neonatal mortality – 3 causes: sepsis and pneumonia, prematurity, birth asphyxia ၁) မွေးကင်းစကလေးသေဆုံးမှု ဖြစ်စေသော အကြောင်းအရင်း ၃ ခု မှာ sepsis and pneumonia, prematurity, birth asphyxia တို့ ဖြစ်ပါသည်။ • U5 motality: – 2 causes: pneumonia, diarrhoea ၂) ၅နှစ်အောက် ကလေး သေဆုံးမှု ဖြစ်စေသော အကြောင်းအရင်း ၂ ခု မှာ pneumonia, diarrhoea ဖြစ်ပါသည်။	☐	YES	☐	NO

Whether the health worker has attended Integrated Management of Childhood Illness full course (11 days and +) or not? If YES, please describe detail in the remark column. ဆေးခန်းရှိ ဝန်ထမ်းများထဲတွင် (၁၁) ရက်တာ ကြာမြင့်သည့် IMCI သင်တန်းကို ပြီးမြောက်အောင် တက်ရောက်ဖူးသူများ ရှိပါသလား ။ အကယ်၍ ရှိပါက မည်သူ ၊ မည်သည့် အချိန်က မည်သည့်နေရာတွင် တက်ရောက်ခဲ့ကြောင်း ကို ညာဖက်ရှိ Remark အကွက်တွင် ဖြည့်ပေးပါ။	☐	YES	☐	NO
Under 5 growth monitoring (၅ နှစ်အောက်ကလေး ဖွံ့ဖြိုးမှုနှင့် ပတ်သက်သော ဆန်းစစ်သည့် မေးခွန်းများ)				
Knowledge on growth assessment in under 5 children. ၅ နှစ်အောက်ကလေး ကြီးထွားမှုကို တိုင်းတာရာတွင် မည်သည့်နည်းလမ်းများဖြင့် တိုင်းတာပါသလဲ။ • weight x age • weight x height/length • age x height/length • head circumference • MUAC (လက်မောင်းလုံးပတ်တိုင်းတာခြင်း)	☐	YES	☐	NO
MUAC tape is available or not and used or not? From which age start to measure and how often should measure? ဆေးခန်းတွင် MUAC တိုင်းတာသော ပေကြိုးရှိပါသလား။ ဆေးခန်းတွင် ပေကြိုးရှိ၍ တိုင်းတာမှုကို ပြုလုပ်ပါက မည်သည့် အရွယ်ကလေးများအား တိုင်းတာပါသလဲ။ ဘယ်နှစ်လ တစ်ကြိမ် တိုင်းတာဖြစ်ပါသလဲ။ • MUAC should start to measure from 6 months to 5 years (၆ လ မှ ၅ နှစ်အရွယ် ကလေးများ) • MUAC should measure 3 monthly, at least twice a year. (၃ လ တစ်ကြိမ် တိုင်းတာသင့်ပါသည်။ အနည်းဆုံးတော့ တစ်နှစ် ၂ ကြိမ်တိုင်းတာသင့်ပါသည်။)	☐	YES	☐	NO

Classification of malnutrition based on MUAC အာဟာရချို့တဲ့မှု အဆင့်များကို MUAC တိုင်းတာသော ပေကြိုးပေါ်တွင် မည်သို့ ခွဲခြားထားပါသလဲ။ < 11.5 cm , severe acute malnutrition (SAM) (refer urgently NOT necessary immediately) 11.5 cm to <12.5 cm, moderate acute malnutrition (MAM)	☐	YES	☐	NO
Availability of equipment (Observe the following) ကလေးကျန်းမာရေးစောင့်ရှောက်မှုတွက် လိုအပ်သော ပစ္စည်းကိရိယာများ ထားရှိမှုအား ဆန်းစစ်သော မေးခွန်းများ ဖြစ်ပါသည်။				
Functioning resuscitation bag & mask (2 sizes) for neonate	☐	YES	☐	NO
Functioning resuscitation bag & masks for children	☐	YES	☐	NO
NeoNatalie Newborn Educational Manikin available? (only in main/training centre)	☐	YES	☐	NO
Functioning pulse oximeter with batteries	☐	YES	☐	NO
Measurement for height & weight (Stadiometer and length board) If not available how to measure?	☐	YES	☐	NO
Functioning glucometer with batteries (If not available how to measure blood glucose?)	☐	YES	☐	NO
Functioning Neubilizer machine available?	☐	YES	☐	NO
Functioning oxygen cylinder / concentrator available? (Although machine is not damage concentrator is appropriate to use power source or not. If oxygen cylinder oxygen empty how to refill. It is possible to do it?)	☐	YES	☐	NO
Intravascular cannula for newborn drip (yellow & / or blue colour) available?	☐	YES	☐	NO
Nasogastric tube for babies available ?(yellow &/or blue colour)	☐	YES	☐	NO

Essential Child Health Technical Knowledge (ကလေးကျန်းမာရေးတွင် အရေးကြီးသော နည်းပညာဆိုင်ရာ မေးခွန်းများ)				
Knowledge on four danger signs? (အန္တရာယ်လက္ခဏာများထဲမှ ၄ ချက်ကို ဖော်ပြပါ) • Unable to drink or breastfeed (အရည် သို့မဟုတ် မိခင်နို့ကောင်းစွာမစို့နိုင်ခြင်း) • Vomit everything (စားသမျှ ပြန်အန်ခြင်း) • Convulsions during this illness (ဖျားနာ နေစဉ် ကာလအတွင် တက်ခြင်း) • Lethargic or unconscious (သတိလစ်ခြင်း)	☐	YES	☐	NO
Signs of pneumonia (အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်း၏ လက္ခဏာများကို ဖော်ပြပါ) • presence of fast breathing and/or chest indrawing and/or O2 satuaration SPO2 <90%. Fast breathing means • Up to 2 months: 60 or above breaths/minute • >2 months up to 12 months: 50 or more breaths/minute • 12 months up to 5 years: 40 or more breaths per minute	☐	YES	☐	NO
Signs of dehydration (အရည်ခါတ် ခမ်းခြောက်ခြင်း၏ လက္ခဏာများကို ဖော်ပြပါ) • Lethargic or unconscious (နွမ်းဖတ်ခြင်း သို့မဟုတ် သတိလစ်ခြင်း) • Sunken eyes (noticed during this dehydration problem) မျက်လုံးချိုင့်ဝင်ခြင်း • Drink eagerly or Not able to drink if severely dehydrated (ရေ အငန်းမရ သောက်ခြင်း သို့မဟုတ် လက္ခဏာပြင်းထန်သောကြောင့် လုံးဝ မသောက်နိုင်တော့ခြင်း) • Skin pinch goes back slowly or very slowly (အရည်ပြားများ ပျော့ဖတ်လာပြီး Skin pinch စမ်းသတ်မှုမရ အလွန်နှေးကွေးစွာ တုန့်ပြန်ခြင်း)	☐	YES	☐	NO

How to dilute ORS solution correctly? (ORS ကို စနစ်တကျ မည်သို့ ဖျော်စပ်နိုင်သလဲ ပြောပြပေးပါ။) • ORS 1 sachet + 1 litre of water (Please check on the sacchet either 1000cc or 500 cc of cool boiled water should be added. It depend on amount of ORS powder in the sachet)	☐	YES	☐	NO
Assess how to give oral rehydration solution for diarrhoea / dehydrated child. (ဝမ်းပျက် ဝမ်းလျှော ဖြစ်ပွားနေသော ကလေးငယ်အား ORS မည်သို့ ပေးသည်ကို ဆန်းစစ်ရပါမည်။) • Up to 2 years: 50 to 100 ml after each loose stool (ဝမ်းသွားပြီးတိုင်း ၅၀ မှ ၁၀၀ ml တိုက်ရမည်) • 2 years or more: 100 to 200 ml after each loose stool (ဝမ်းသွားပြီးတိုင်း ၁၀၀ မှ ၂၀၀ ml တိုက်ရမည်)	☐	YES	☐	NO
Assess knowledge on how to make Salt–Sugar–Solution (SSS) if ORS packs are stock out. (ဆား နှင့် သကြား ပေါင်းစပ် ဖျော်ရည် ကို စနစ်တကျ မည်သို့ ဖျော်စပ်နိုင်သလဲ ပြောပြပေးပါ) • Eight (8) level teaspoons of sugar. • Half (1/2) level teaspoon of salt. • 1L (litre) of clean drinking or boiled water and then cooled – 5 cupful (each cup about 200 ml.)	☐	YES	☐	NO
How to diagnose Malaria? (ငှက်ဖျားရောဂါကို မည်သို့ စစ်ဆေးနိုင်ပါသလဲ) • Malaria test (RDT) (+) ve and/or • blood film	☐	YES	☐	NO
Signs of measles? ဝက်သက်ရောဂါ၏ လက္ခဏာများကို ဖော်ပြပေးပါ။ • Generalised rash with • Cough • Coryza • Conjuntivitis	☐	YES	☐	NO

Signs and Symptoms of DHF (သွေးလွန်တုတ်ကွေး ရောဂါ၏ လက္ခဏာများကို ဖော်ပြပေးပါ။) • High fever (40°C/104°F) and the following symptoms during the febrile phase: • severe headache • pain behind the eyes • muscle and joint pains • rash • Bleeding i.e bleeding gum • Hess test + ve • Later develop, weak pulse, narrow pulse pressure, hypotension, shock	☐	YES	☐	NO
Signs of severe acute malnutrition (ပြင်းထန် အာဟာရ ချို့တဲ့ခြင်း၏ ရောဂါ လက္ခဏာများကို ဖော်ပြပေးပါ။) • Oedema of both feet AND/OR • Severe wasting AND/OR • WFH/L less than –3 line AND/OR • MUAC less than 115 mm	☐	YES	☐	NO
Signs of anaemia? (သွေးအားနည်းခြင်း၏ ရောဂါ လက္ခဏာများကို ဖော်ပြပေးပါ။) • Palmar pallor and/or • Conjuntiva pallor	☐	YES	☐	NO
Common signs & symptoms of childhood PTB: (ကလေး TB ရောဂါ လက္ခဏာများကို ဖော်ပြပေးပါ။) • unwell without any cause, • unexplained fever X 2 wks, • loss of appetite, • failure to thrive, • weight lost, • coughing X 2 wks and not improved by antibiotics. • If any person of close contact has PTB, the child has more chance to get PTB.	☐	YES	☐	NO

After birth what immunizations should give for new born babies? (မွေး မွေးချင်း ကလေးငယ်အား ထိုးနှံသင့်သည့် ကာကွယ်ဆေး အမျိုးအစားများကို ဖော်ပြပေးပါ။) • BCG • Hepatitis B (HPV)	☐	YES	☐	NO
When Measles immunization should be given to a baby? How often do you give as a routine? (ဝက်သက် ကာကွယ်ဆေး ထိုးနှံရမည့် အချိန်ကာလ ကို ဖော်ပြပေးပါ။) • At 9 months (1st dose) • At 1 year 6 months (2nd dose)	☐	YES	☐	NO
Assess knowledge on points to check as soon as the baby is delivered (ကလေးမွေးဖွားပြီးပြီးချင်း ဆန်းစစ်ရမည့် အဓိက vital signs များကို ဖော်ပြပေးပါ။) • Breathing • Heart Rate • Colour • (Tone) If mention above 3 it should consider complete answer.	☐	YES	☐	NO
Assess the knowledge of severe jaundice in newborn? မွေးကင်းစကလေးတွင် ဖြစ်ပွားသော ပြင်းထန် အသားဝါရောဂါ အကြောင်း ရှင်းပြပေးပါ။ • Any jaundice if age less than 24 hours OR Jaundice (yellow) up to palms and sole	☐	YES	☐	NO
Assess the knowledge of the breastfeeding for Normal infant ကလေးငယ်အား စနစ်တကျ နို့တိုက်ကျွေးခြင်း အကြောင်းကို ဆွေးနွေးပေးပါ။ ၁) ပထမ ၂၄ နာရီတွင်း ဘယ်နှစ်ကြိမ် တိုက်ကျွေးမည်နည်း 1) How many times breastfeed in 24 hours? 8 times / 3 hourly	☐	YES	☐	NO

Assess the knowledge of the breastfeeding for Normal infant ကလေးငယ်အား စနစ်တကျ နို့တိုက်ကျွေးခြင်း အကြောင်းကို ဆွေးနွေးပေးပါ။ ၂) မိခင်နို့ တစ်မျိုးတည်း ဘယ်နှစ်လ တိုက်ရမည်နည်း 2) How many months mom should offer breastfeeding? full 6 months	☐	YES	☐	NO
Assess the knowledge of the breastfeeding for Normal infant ကလေးငယ်အား စနစ်တကျ နို့တိုက်ကျွေးခြင်း အကြောင်းကို ဆွေးနွေးပေးပါ။ ၃) မိခင်နို့ တစ်မျိုးတည်း တိုက်ကျွေးနေစဉ် အရည်၊အဖတ် ကျွေးလို့ ရပါသလား။ 3) While offering these months do we need to add other fluids, water or food? No food even water should not give to baby within 6 months of age except breastfeeding. (We can give ORS or medication if necessary)	☐	YES	☐	NO
When we should start Vitamin A supplementation in normal infant? ဗီတာမင် အေ ကို မည်သည့် အရွယ်တွင် ကျွေးနိုင်သနည်း • 6 months	☐	YES	☐	NO
When we should start deworming in normal infant? သံချဆေးကို မည်သည့် အရွယ်တွင် စတင် တိုက်ကျွေးနိုင်သနည်း • 1 year	☐	YES	☐	NO
Kiwi suction set : 1 Number or Set	☐	YES	☐	NO
Define prematurity? နေ့စေ့ လစေ့ မဟုတ်ဘူး ဆိုတာ ဘာလဲ • Gestational age <37 weeks	☐	YES	☐	NO
Define Low Birth Weight? ပေါင်မပြည့် (သို့မဟုတ်) ကလေးသေး သည်ဆိုသည်မှာ ဘာလဲ။ • Body Weight <2.5 kg	☐	YES	☐	NO

Availability of Data Collection and Reporting Tools				
	Clinic / Outreach / Village Name			
	Township			
	Date of Review			
	Reporting Period Verfied			
	Reviewed By			
				Remark
1	Patient Booklet	Yes	No	
2	Patient Register Logbook	Yes	No	
3	OPD logbook	Yes	No	
4	Referral forms/referral logbook	Yes	No	
5	Mobile form/logbook for mobile team	Yes	No	
6	ANC chart/Logbook/MCH handbook	Yes	No	
7	Delivery chart/Logbook	Yes	No	
8	PNC chart/Logbook	Yes	No	
9	TTBA Forms	Yes	No	
10	AMW Forms	Yes	No	
11	FP chart/Logbook	Yes	No	
12	RH chart/Logbook	Yes	No	
13	GM chart/Logbook	Yes	No	
14	IMCI 1 chart/Logbook	Yes	No	
15	IMCI 2 chart/Logbook	Yes	No	
16	IPD chart/logobook	Yes	No	
Please discribe if there are other documents.				

Pharmacy Supervision Checklists		
Checking availability of medicines: Out of stock in last six months (လွန်ခဲ့သော ၆ လ အတွင်း ဆေးပစ္စည်း ပြတ်လပ်မှု အား စစ်ဆေးခြင်း)		
Amoxicillin for Pneumonia Treatment	YES	NO
Oral Rehydration Salt for Diarrhoea Treatment	YES	NO
Zinc for Diarrhoea Treatment	YES	NO
Ferrous Sulphate (FESO4) for Antenatal Care	YES	NO
Vitamin B1 (Thiamine) for Antenatal Care	YES	NO
Malaria Rapid Test Kit for Malaria Testing	YES	NO
Artemesanine–based Combination Therapy (ACT) for Malaria (Artemether + Lumifantrine)	YES	NO
Primaquine for Malaria Treatment	YES	NO
Chloroquine for Malaria	YES	NO
Paracetamol for Fever in Malaria	YES	NO
2. Random medicine check in storage: Correctness of physical stock balance checking (ပဋိဇီဝဆေး၊ စားဆေး၊ ထိုးဆေးနှင့် ဆေးပစ္စည်းများထဲမှ (၃)မျိုးအား ကျပန်းရွေးချယ်၍ ဆေးသိုလှောင်ခန်း လက်ကျစာအုပ်တွင် ဖြည့်သွင်းထားသော အရေအတွက်နှင့် မြေပြင်လက်ကျန် အရေအတွက် ကို တိုက်ဆိုင်စစ်ဆေးပါ)		
Item 1 (Oral)		
Item 2 (Injection)		
Item 3 (Supplies)		
3. Infection control items		
Chlorine–based disinfectant		
Latex gloves (clean or sterile)		
Sharps container		
Hand washing soap (bar or liquid)		
4. Essential medicine management		
ဆေးအဝင်အထွက်၊ လက်ကျန်စာရင်းများ မှတ်တမ်းတင်ရန် Stock Ledger (P1) ဆေးမှတ်တမ်းလယ်ကျစာအုပ်ကို အသုံးပြုပါသလား။	YES	NO
နေ့စဉ်ဆေးသုံးစွဲမှုကို မှတ်တမ်းတင်ရန် Daily Drug Use Form (P3) နေ့စဉ်သုံးဆေးစာရင်း ကို အသုံးပြုပါသလား။	YES	NO
ဆေးသုံးစွဲမှုနှင့် လက်ကျန်စာရင်းများအား ပေးပို့ရန် Monthly Physical Stock Report (P4) ဆေးအသုံးပြုမှုလစဉ် အစီရင်ခံစာ အားအသုံးပြုပါသလား။	YES	NO

စင်ပေါ်တွင်ထားရှိသောဆေး/ပစ္စည်း (၄) မျိုးကို ရွေးချယ်၍ First Expiry First Out (FEFO) သက်တမ်းကုန်ရက်နီးသော ဆေး/ပစ္စည်းများအား ဦးစားပေး ထားရှိ အသုံးပြုမှု ရှိ /မရှိ စစ်ဆေးပါ။	YES	NO
Batch number (ဆေး/ဆေးပစ္စည်းထုတ်လုပ်သော ကုမ္ပဏီမှ ဆေး/ဆေးပစ္စည်း ပေါ်တွင် ရိုက်နှိပ်ထားသော အုပ်စုနံပါတ်) နှင့် သက်တမ်းကုန်ဆုံးရက် ကို stock ledger တွင် မှတ်တမ်းတင်ထားရှိ ခြင်းရှိပါသလား။	YES	NO
နေ့စဉ်သုံးဆေးစာရင်း နှင့် ဆေးအသုံးပြုမှု လစဉ် အစီရင်ခံစာ ကိုက်ညီမှုရှိပါ သလား။ အသုံးများသော ဆေး (၅)မျိုးအား စစ်ဆေးပါ။	YES	NO
5. Storage Condition for Pharmaceutical Quality Assurance	YES	NO
ဆေးဝါးပစ္စည်းများကို စနစ်တကျ သိမ်းဆည်းသိုလှောင်ခြင်း နှင့် ဆေးခန်းစွန့်ပစ် အမှိုက်များ ကိုစနစ်တကျ စီမံခန့်ခွဲခြင်းအတွက် လမ်းညွှန်ချက်များ ထားရှိ လိုက်နာ မှုရှိပါသလား။	YES	NO
ဆေးဝါးထားသိုသောနေရာ မှာ သန့်ရှင်း၊ သပ်ရပ်မှု၊ ကြွက်နှင့်ပိုးမွှား ကင်းစင်မှု ရှိပါ သလား။	YES	NO
ဆေးဝါးထားသိုသောနေရာ မှာ ခြောက်သွေ့ပြီး နေရောင်ခြည် တိုက်ရိုက်ကျ ရောက်ခြင်းကိုကာကွယ်ထားရှိပါသလား။ (မိုးရေယိုစိမ့်ခြင်း၊ နံရံများစိုထိုင်းနေခြင်း၊ နေရောင်ခြည် တိုက်ရိုက်ကျရောက်ခြင်းကို စစ်ဆေးပါ)	YES	NO
ဆေးနှင့်ဆေးပစ္စည်းများအားလုံးကို စင်/ဗီရို များပေါ်တွင် စနစ်တကျထားရှိပါ သလား။	YES	NO
ဆေးသိုလှောင်ခန်းအား အနည်းဆုံးတစ်နေ့ (၂)ကြိမ် အပူချိန်တိုင်းတာ၍ မှတ်တမ်း တင်ထားရှိပါသလား။	YES	NO
6A. Supplies A: ဆေးခန်းတွင်ရှိ/မရှိ		
Infant weighing scale that is accessible	YES	NO
Adult standing scale that is accessible	YES	NO
Thermometer (အပူချိန်တိုင်းကိရိယာ)	YES	NO
Watch or other timing device with second hand (စက္ကန့်လက်တံပါသော နာရီ)	YES	NO
Autoclave containing pressure gauge for disinfection	YES	NO
Glucometer Device for blood glucose monitoring	YES	NO
Sterilized package – Dressing	YES	NO
Sterilized package – Delivery	YES	NO
Blood pressure machine	YES	NO
Supplies B: ကောင်းမွန်စွာအသုံးပြုနိုင်သည့် အခြေအနေ ရှိ/မရှိ		
Infant weighing scale that is accessible	YES	NO
Adult standing scale that is accessible	YES	NO

Thermometer (အပူချိန်တိုင်းကိရိယာ)	YES	NO
Watch or other timing device with second hand (စက္ကန့်လက်တံပါသော နာရီ)	YES	NO
Autoclave containing pressure gauge for disinfection	YES	NO
Glucometer Device for blood glucose monitoring	YES	NO
Sterilized package – Dressing	YES	NO
Sterilized package – Delivery	YES	NO
Blood pressure machine	YES	NO

Medical Waste Management ဆေးဘက်ဆိုင်ရာ အမှိုက်များ စီမံခန့်ခွဲမှု		
Segregation (စွန့်ပစ်ပစ္စည်းများ သီးသန့် ခွဲခြားထားရှိခြင်း)		
Medical waste is segregated from regular trash ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများအား သာမန် စွန့်ပစ်ပစ္စည်းများနှင့် သီးသန့်ခွဲထားသည်	YES	NO
Sharps are segregated from other wastes ချွန်ထက်သော ပစ္စည်းများကို အခြား စွန့်ပစ်ပစ္စည်းများမှ သီးသန်းခွဲခြားထားသည်	YES	NO
Containment and Labeling (သိုလှောင်ခြင်းနှင့် အမှတ်အသား ထားရှိခြင်း)		
Containers are available in sufficient quantity လုံလောက်သော အမှိုက်ပုံးများ ရှိသည်	YES	NO
Containers are labeled with a hazard label အမှိုက်ပုံးများတွင် အန္တရာယ် အမှတ်အသားများ ကပ်ထားသည်	YES	NO
Sharps/ Needles are placed into rigid needle boxes labeled with a hazard label ချွန်ထက်ပစ္စည်းများနှင့် အပ်များအား အန္တရာယ် အမှတ်အသား ကပ်ထားသော ဗူးများထဲတွင် ထည့်ထားသည်	YES	NO
Sharps/needle boxes are emptied when 3/4 full ချွန်ထက်ပစ္စည်းများ/အပ်များ ထည့်ထားသော ဗူးများတွင် ၃ ပုံ ၂ ပုံ ပြည့်လာပါက သွန်ပစ်ပါသည်	YES	NO

A schedule exists for routine collection of medical waste စွန့်ပစ်ပစ္စည်းများအား အချိန်မှန် သိမ်းဆည်းရန် အချိန်ဇယား ချမှတ်ထားသည်	YES	NO
Disposal of Medical Waste (ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများအား စွန့်ပစ်ခြင်း)		
There is a designated area for medical wastes at the health post/clinic ကျန်းမာရေးဌာန/ ဆေးပေးခန်းတွင် ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ ထားရှိရန် သီးသန့် သတ်မှတ်ထားသော နေရာ ရှိသည်	YES	NO
The health post/ clinic transports medical waste to off–site treatment facility regularly ကျန်းမာရေးဌာန/ ဆေးပေးခန်းမှ ဆေးဖက်ဆိုင်ရာ စွန့်ပစ် ပစ္စည်းများအား စနစ်တကျ သီးသန့်ဖျက်ဆီးသည့် နေရာသို့ အချိန်ပုံမှန် ပို့ဆောင်ပေးသည်	YES	NO
Training (သင်တန်းပေးခြင်း)		
Written medical waste competency training is given to staffs ဝန်ထမ်းများကို ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများအား စနစ်တကျ ကိုင်တွယ်စွန့်ပစ်နည်း သင်တန်းပေးထားသည်	YES	NO
Signs / posters are posted for medical waste segregation, handling, treatment & disposal ဆေးဖက်ဆိုင်ရာ စွန့်ပစ် ပစ္စည်းများအား ခွဲခြားထားရှိခြင်း၊ ကိုင်တွယ်ခြင်း၊ စွန့်ပစ်ဖျက်စီးခြင်းအတွက် ဆိုင်းဘုတ် / ပိုစတာများ ကပ်ထားသည်	YES	NO

INFECTION PREVENTION & CONTROL

ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေး အတွက် အဓိကလုပ်ဆောင်ရမည့် အချက်များ
ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ၂၀၀၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ကူးစက်ရောဂါကာကွယ် ထိန်းချုပ်ရေးတွင် အနှစ်သာရအဖြစ် ထည့်သွင်းစဉ်းစားရမည့် core components or key elements များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

1. လက်သန့်ရှင်းရေး
2. လက်အိတ် အသုံးပြုရေး
3. မျက်နှာ အကာအကွယ် အသုံးပြုရေး
4. ကိုယ်လုံ ဝတ်ရုံ အသုံးပြုရေး
5. အပ်စူးရှမှု သို့မဟုတ် အခြားပြတ်ရှတတ်သော ကိရိယာများမှ ထိခိုက်မှု ကာကွယ်ရေး
6. အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကာကွယ်ရန်အတွက် နှာချေ၊ ချောင်းဆိုးလျှင် လိုက်နာကျင့်သုံးရမည့် နည်းလမ်းများ ဆောင်ရွက်ရေး
7. ပတ်ဝန်းကျင် သန့်ရှင်းရေး
8. လူနာ ကုတင်သုံး အိပ်ရာခင်းများ သန့်ရှင်းရေး
9. အမှိုက် စနစ်တကျ စွန့်ပစ်ရေး
10. လူနာ ပြုစု စောင့်ရှောက်ရာတွင် အသုံးပြုသော ကိရိယာများ ရောဂါပိုး ကင်းရှင်းရေး

Transmission-Based Precautions

1. လေမှကူးစက်ခြင်းများအတွက် ကာကွယ်ခြင်း (Airborne Precautions) အချို့သော ရောဂါပိုးများက လေမှတဆင့် ကူးစက်ကြပါသည်။ အရွယ်အစား ၅ မိုက်ခရွန် မီတာ နှင့်အောက် သေးငယ်သော ငွေ့ရည်မှုန်များတွင် ပါဝင်သော ရောဂါပိုးများ ရှိနေသော လေထုတွင် ကြာရှည်နေမိသော အချိန်များတွင် ကူးစက်တတ်ပါသည်။ ဥပမာအားဖြင့် တီဘီ၊ ရေကျောက် နှင့် ဝက်သက်ကဲ့သို့သောရောဂါများဖြစ်ပါသည်။ လေထု သန့်ရှင်းရေး၊ လေဝင်လေထွက်ကောင်းမွန်ရေး စသည်တို့ဖြင့် ကာကွယ်ရေးဆောင်ရွက်လေ့ရှိပါသည်။



2. ငွေ့ရည်မှုန် များမှတဆင့် ကူးစက်ခြင်းအတွက် ကာကွယ်ခြင်း (Droplet Precautions) ရောဂါပိုးရှိနေသူ၏ နှာချေ၊ ချောင်းဆိုး၊ စကားပြောခြင်းများမှ ထွက်လာသော အရွယ်အစား ၅ မိုက်ခရိုမီတာနှင့်အထက်ရှိ ငွေ့ရည်မှုန်များမှ ကူးစက်တတ်သော ရောဂါများရှိပါသည်။ တုပ်ကွေး၊ ဆုံဆို့၊ ဂျိုက်သိုး နှင့် Group A Streptococcus ကဲ့သို့ဘက်တီးရီးယားများ ဖြစ်ပါသည်။ နှာခေါင်းစည်း တပ်ဆင်ခြင်းကဲ့သို့ နည်းလမ်းများသုံးရပါသည်။



3. ထိတွေ့မှုမှ ကူးစက်တတ်ခြင်းများအတွက် ကာကွယ်ခြင်း (Contact Precautions) ရောဂါပိုးရှိသူကိုင်တွယ် ထိတွေ့ထားသောမျက်နှာပြင်များ၊ ပစ္စည်းများ ဖြစ်စေ၊ ရောဂါရှိသူ နှင့် တိုက်ရိုက်ဖြစ်စေ ထိတွေ့ရာမှ ကူးစက်တတ်သော ရောဂါများအတွက် ဖြစ်ပါသည်။ အထူးသဖြင့် လူနာကို စောင့်ရှောက်ရာများတွင် အဖြစ်များပါသည်။ ဥပမာ – ဝဲ၊ norovirus နှင့် အချို့သောဘက်တီး ရီးယားများ ဖြစ်သည့် Methicillin Resistant Staphylococcus Aureus (MRSA), Vancomycin Resistant Enterococci (VRE), Clostridium Difficile တို့ဖြစ်ပါသည်။ပိုးသတ်ဆေးများ ၊ လက်အိတ်သုံးခြင်း၊ လက်ဆေးခြင်းများ လုပ်ဆောင်ကြရပါသည်။



နေ့စဉ်လက်တွေ့ဆောင်ရွက်ရေးအတွက် အခြေခံစည်းမျဉ်းများ

ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးအတွက် နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများအတွက် အောက်ပါ10တို့ကို အခြေခံစည်းမျဉ်းများအဖြ စ်လိုက်နာဆောင်ရွက်ရပါမည်။

- လူတိုင်းသည် ရောဂါပိုးကူးစက်ပျံ့ပွားစေသူများ သို့မဟုတ် ကူးစက်ပျံ့ပွားမှု ခံရနိုင်သူများအဖြစ် အမြဲနှလုံးသွင်း သတ်မှတ်ထားရန်၊
- လူတဦး မှ တဦးသို့ ရောဂါကူးစက်ပျံ့ပွားမှု တားဆီးရေးအတွက် စမ်းသပ်ကုသမှု နည်းလမ်းတခုခု ပြုလုပ်တိုင်း မပြုလုပ်မီ နှင့် ပြုလုပ်ပြီး လက်ကို သေချာစွာဆေးကြောခြင်းက အရေးကြီးဆုံး လက်တွေ့နည်းလမ်းတခု ဖြစ်ကြောင်း သဘောပေါက် ခံယူထားရန်၊
- လတ်တလောတွင် ကူးစက်နိုင်ခြေရှိသော ဒဏ်ရာရှိနေသည့် အရေပြား၊ အပေါ်ယံအမြေးပါး (ပါးစပ်၊ မျက်လုံး) ၊ သွေး၊ ကိုယ်အင်္ဂါထွက် အရည်များ၊ ကိုယ်အင်္ဂါမှ စွန့်ထုတ် အညစ်အကြေးများ နှင့် ညစ်ပေစွန်းထင်းနေသော ပစ္စည်းကိရိယာများကို ထိတွေ့ကိုင်တွယ်မှု မပြုမီတိုင်းတွင် လက်အိတ်ဝတ်ဆင်ရန်၊
- ခွဲစိတ်မှုများ မပြုလုပ်မီလည်းကောင်း၊ ဒဏ်ရာများသန့်ရှင်းရာတွင်လည်းကောင်း သတ်မှတ်ထားသည့် သင့်လျော်သော ပိုးသတ်ဆေးတခုခု အသုံးပြုရန်၊
- အန္တရာယ်ကင်းစိတ်ချလုံခြုံသော အလုပ်အကိုင် အလေ့အကျင့်များ အသုံးပြုရန် (သုံးပြီးချွန်ထက်သော ဆေးထိုးအပ်ကဲ့သို့ အရာများကိုအဖုံးပြန်စွပ်ခြင်း၊ အပ်ကွေးခြင်းစသည်တို့ မလုပ်ဘဲ သီးသန့် ထည့်သိုရာများထဲသို့ စွန့်ပစ်ရန်) ၊
- လုပ်ငန်းဆောင်ရွက်ပြီးသော ပစ္စည်းကိရိယာများကို ပိုးသတ်သန့်စင်ခြင်း အမြဲပြုလုပ်ရန်၊
- ဆေးခန်းအတွင်းရှိ ဆေးခန်းသုံးကိရိယာပစ္စည်းများ နှင့် ပရိဘောဂများကို သန့်စင်ခြင်း၊ ပိုးသတ်ခြင်းများ ပုံမှန် ဆောင်ရွက်ရန်၊
- အသုံးပြုပြီး ရောဂါပိုးကပ်ငြိနေနိုင်သောအရာများနှင့် အမှိုက်သရိုက်များကိုစနစ်တကျ စွန့်ပစ်ရန်၊

ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေး ကို ဧရိယာအလိုက် ဆောင်ရွက်ခြင်း

ဆေးခန်းတိုင်းတွင် တသမတ် တူညီသောအနေအထားမရှိနိုင်သော်လည်း ယေဘုယျအားဖြင့် တူညီသော အင်္ဂါရုပ်များ ရှိနေနိုင်ပါသည်။ အောက်ပါ အနေအထားများကို အကြမ်းဖျဉ်းတွေ့ရှိနိုင်ပါသည်။

၁။ ခြံဝင်း
၂။ အဆောက်အဦး
၃။ လူနာစမ်းသပ်ခြင်း

၁။ ခြံဝင်း

ခြံဝင်းသီးသန့်ရှိနေခြင်းက ကောင်းမွန်သော်လည်း တိတိကျကျမရှိခြင်း သို့မဟုတ် ခြံဝင်းလုံးဝမရှိခြင်းသည် ရောဂါကူးစက်ခြင်းခြင်းလည်း ဖြစ်နိုင်ပါသည်။ ကာကွယ်ထိန်းချုပ်ရေး နှင့် အန္တရာယ်ကင်းလုံခြုံစိတ်ချမှု ရှိစေရေးအတွက် အောက်ပါအချက်များ ဆောင်ရွက်ရန် လိုအပ်ပါမည်။

၁.၁။ ခြံနွယ် ပိတ်ပေါင်းများ

မြွေ နှင့် အင်းစက်ပိုးမွှားများ၊ ရောဂါပိုးသယ်ဆောင်သော ခြင်၊ ကြွက်ကဲ့သို့ သတ္တဝါများ ခိုအောင်းခြင်းမပြုနိုင်ရန်၊ ခြံနွယ်များ၊ အရိုင်းပင်များရှင်းလင်းခုတ်ထွင်ရေးကို ပုံမှန် ဆောင်ရွက်သင့်ပါသည်။ အနည်းဆုံးတလလျှင် တကြိမ် လုပ်ဆောင်သင့်ပါသည်။

၁.၂။ ရေအိုင်များ၊ ရေဝပ်သောနေရာများ

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားစေသည့် ခြင်များ ပေါက်ပွားခြင်းကဲ့သို့ မဖြစ်ပွားစေရန် ရေဝပ်နေသော နေရာများ၊ ရေခိုနေနိုင်သောဗူးခွံ ၊ ပုလင်းခွံများကိုဖယ်ရှားခြင်း၊ သွန်မှောက်ခြင်း ရေမြောင်းများရှိနေလျှင် ရေစီးရေလာ ကောင်းအောင်လုပ်ဆောင်ပေးခြင်း၊ ရေများအိုင်ဖွဲ့နေလျှင် မြောင်းဖောက်ခြင်းများကို တပတ်လျှင် တကြိမ်ခန့် ဆောင်ရွက်သင့်ပါသည်။

၁.၃။ အညစ်အကြေးနေရာများ

အမှိုက်ပုံများကို လုံလောက်အောင် နှင့် စနစ်တကျ ရှိစေရန် စီမံပေးထားရပါမည်။ အမှိုက်စွန့်ပစ်ရာကျင်းများ၊ မီးရှို့စက်နေရာများတွင် ဖိတ်စဉ်ပြန့်ကျဲနေခြင်းများ မရှိအောင် အမြဲရှင်းလင်းသိမ်းဆည်းပေးရပါမည်။ ချွန်ထက်သောအရာများအတွက် သီးသန့် ကွန်ကရစ်ကျင်းများ တည်ဆောက် စွန့်ပစ်ရပါမည်။

အိမ်သာများသည် ယင်လုံအိမ်သာအင်္ဂါရုပ်နှင့် ညီညွတ်ရပါမည်။ အိမ်သာအတွက် လက်ဆေးရန် ရေ နှင့် ဆပ်ပြာလုံလောက် လွယ်ကူစေရေးလည်း စီမံပေးရပါမည်။ အိမ်သာကို ရေ အရင်းအမြစ်များနှင့် အနည်းဆုံး ပေ ၅၀ခွာ တည်ဆောက်ရန် သို့မဟုတ် ရေအရင်းအမြစ်ထက် နိမ့်သော နေရာတွင်သာ တည်ဆောက်ရန် လိုပါသည်။

၁.၄။ ရေ

ဝင်းအတွင်းရေအရင်းအမြစ် (ကန်၊ တွင်းစသဖြင့်) ရှိပါက သတ်မှတ်အချိန်ဇယားနှင့်အညီ ဆေးခပ်ခြင်း၊ ဝန်းကျင် သန့်ရှင်းရေးပြုလုပ်ခြင်းများလိုအပ်ပါသည်။ ရေသိုလှောင်သည့်အရာများ ရှိလျှင်လည်း သေချာစွာ ဖုံးအုပ်ထားရန်၊ အချိန်ဇယားအလိုက် ပိုးလောက်လန်းစစ်ဆေးခြင်း ပြုလုပ်ရန်၊ လဲလှယ်သန့်စင်ခြင်းများ ပြုလုပ်ရန် အရေးကြီးပါသည်။

၁.၅။ တိရိစ္ဆာန် မွေးမြူခြင်း

ဆေးခန်းဝင်း အတွင်း တိရိစ္ဆာန်မွေးမြူရေး လုပ်ဆောင်ခြင်းသည်လည်း ဘေးကင်း လုံခြုံစိတ်ချမှုကို ထိခိုက်နိုင်စေသဖြင့် ရှောင်ရှားရပါမည်။

၂။ အဆောက်အဦး

ကျန်းမာရေးဌာနများတွင် အဆောက်အဦးကိုယ်စီ ရှိသော်လည်းပုံစံတူ၊ အနေအထားတူ မဟုတ်ကြပြန်ပါ။ ထို့ကြောင့် ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးလုပ်ဆောင်ရန် တသမတ် စည်းမျဉ်းထားရှိရေး အခက်အခဲရှိပါသည်။ သို့သော်လည်း အခြေခံလိုက်နာရန် အချက်များအနေဖြင့် မူကွဲပြားမည် မဟုတ်ဟု ယူဆပါသည်။

အဆောက်အဦးအတွင်း လက်ဆေးရန် နေရာများကိုဖန်တီးပေးထားရန် မဖြစ်မနေ လိုအပ်ပါသည်။

အဆောက်အဦးနှင့် ပတ်သက်လျှင် အခြေခံအဖြစ် နံရံများနှင့် ကြမ်းခင်းများကို ပိုးသတ်သန့်စင်ရေး ပြုလုပ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် နံရံ နှင့် ကြမ်းခင်းများသည် ဆေးကြောသန့်စင်ရန် လွယ်ကူသော ပစ္စည်းများဖြင့် တည်ဆောက်ထားရန် လိုအပ်ပါသည်။ အဆောက်အဦးများ၏ သန့်ရှင်းရေးသည်လည်း တပတ်လျှင် တကြိမ်ခန့် သို့မဟုတ် လိုအပ်သောအခြေအနေတွင် ပိုမို ပြုလုပ်ရန် လိုအပ်ပါသည်။

အဆောက်အဦးများအတွင်းရှိပစ္စည်းများဖြစ်သောကုလားထိုင်၊ စားပွဲ၊ ခုံတန်း၊ ကုတင် စသည့် နေ့စဉ်သုံး ပရိဘောဂဆိုင်ရာပစ္စည်းများအတွက်မူ နေ့စဉ်အနည်းဆုံးတကြိမ် ပိုးသတ်သန့်စင်ခြင်း ပြုလုပ်ပေးရန် လိုအပ်ပါမည်။

ပြတင်းပေါက်များလုံလောက်အောင် ရှိနေမှ အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန် ပြီးလေမှ တဆင့် ကူးစက်ပျံ့ပွားခြင်းများကို ကာကွယ်နိုင်ပါလိမ့်မည်။

အဆောက်အဦးတွင် ပင်မအဆောက်အဦးကို အဓိကထားပါသည်။ လူနာစောင့်ဆိုင်းခန်း၊ လူနာစမ်းသပ်ခန်း၊ ဆေးပေးသည့်နေရာ၊ ဆေးထည့်သည့်နေရာ ၊ သားဖွားခန်း ၊ ဆေးသိုလှောင်ရာစတို့ စသည်တို့ သီးသန့်ရှိနေနိုင်သည့် နေရာများရှိသကဲ့သို့ နေရာအခက်အခဲကြောင့် ရောထွေးနေသည်များလည်း ရှိကြပါသည်။ ထို့ကြောင့် ယေဘုယျ အားဖြင့်သာ သတ်မှတ်နိုင်ပါမည်။

၂.၁။ လူနာစောင့်ဆိုင်းရန် နေရာ

စာရင်းပေးသွင်းခြင်းနှင့် စမ်းသပ်မှုခံယူရန် စောင့်ဆိုင်းခြင်းများ ပြုလုပ်သည့်နေရာကို ဆိုလိုပါသည်။ နေရာအခြေအနေအရလိုက်နာရန် ခက်ခဲနိုင်မည့်တိုင် စောင့်ဆိုင်းသူများတွင် အနည်းဆုံးတဦးနှင့် တဦး ၁ မီတာ (၃ ပေ) လူမှုအကွာအဝေး ကျင့်သုံးနိုင်ရန် စီမံထားသင့်ပါသည်။ ဆေးခန်းလာလူနာတိုင်း နှာခေါင်းစည်းတပ်ဆင် စောင့်ဆိုင်းရန် စီမံထားသင့်ပါသည်။

၂.၂။ လူနာစမ်းသပ်ခန်း

လူနာမစမ်းသပ်မီ နှင့် စမ်းသပ်ပြီးလက်ဆေးရန် မဖြစ်မနေလိုအပ်သောကြောင့် လက်ဆေးရန်အတွက် ရေ နှင့် ဆပ်ပြာအဆင်သင့်ရှိနေရန် အရေးကြီးပါသည်။ လူနာကိုစမ်းသပ်မည့် ပစ္စည်းများကို တဦးစမ်းသပ်ပြီးတိုင်း အရက်ပျံ သို့မဟုတ် ပိုးသတ်သန့်စင် ပစ္စည်းတခုခုဖြင့် ပွတ်တိုက်ပေး သင့်ပါသည်။ လူနာကုတင်ကိုအနုစိတ် သန့်ရှင်းရေးတနေ့တကြိမ် ပြုလုပ်သင့်ပြီး တဦး နှင့် တဦး စမ်းသပ်ပြီးချိန်တွင် လိုအပ်မည်ဟုယူဆပါက ပိုးသတ်သန့်စင်မှု ပြုလုပ်ပေးသင့်ပါသည်။

၂.၃။ ဆေးထည့်/ဆေးထိုးခန်း
အသုံးပြုမည့် ပစ္စည်းများသည် လူနာအခြေအနေပေါ်မူတည်၍ တခါသုံးသို့မဟုတ် ပိုးသတ် သန့်စင်ထားသော ပစ္စည်းများ ဖြစ်ရပါမည်။ အထူးသဖြင့် စွန့်ပစ်ရမည့် ပစ္စည်းများအတွက် သေချာ တိကျသော အမှိုက်ပုံးများထားရှိရပါမည်။

၂.၄။ ဆေးပေးသည့်နေရာ
လူနာသို့မဟုတ် ဆေးယူမည့်သူများကို လိုအပ်သောအကွာအဝေးနှင့်အညီ နေရာချပေးရပါမည်။ နှာခေါင်းစည်းတပ်ဆင်ရန် တိုက်တွန်းရပါမည်။

၂.၅။ သားဖွားခန်း
သားဖွားခန်းသည် မိခင်ရော၊ ကလေးပါရောဂါကူးစက်မှုကိုကာကွယ်ထိန်းချုပ်ရေးအတွက် အလွန်အရေးကြီးသောနေရာဖြစ်ပါသည်။ နံရံ၊ ကြမ်းခင်းများမှ အစအသုံးပြုမည့် ကိရိယာများကို ပိုးသတ် သန့်စင်မှု မပြတ်ပြုလုပ်ပေးခြင်းနှင့် အညစ်အကြေးစနစ်တကျ စွန့်ပစ်မှုကိုပုံမှန် လုပ်ဆောင် ပေးရပါမည်။

၂.၆။ ဆေးသိုလှောင်ခန်း
ဆေးများထားရှိသည့် စတိုခန်းများတွင် ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးအတွက် အပူချိန်ထိန်းညှိခြင်း ပြုမူဆောင်ရွက်ရန် လိုအပ်ပြီးသက်တမ်းကုန်ဆေးဝါးများပုံမှန် စစ်ဆေးစွန့်ပစ်ခြင်း၊ ရောဂါပိုးသယ်ဆောင်နိုင်သည့် ကြွက်၊ခြင်၊ ယင် များပေါက်ပွားခိုအောင်းခြင်းမရှိစေရန် စီမံ ထားရှိရပါမည်။

ဆေးခန်းအဆောက်အဦးများမှ ထွက်ရှိလာမည့်အမှိုက်များကိုစနစ်တကျစွန့်ပစ်ရေးသည်လည်း ရောဂါကာကွယ်ရေး လုပ်ငန်းစဉ်တခုဖြစ်ပါသည်။ လွယ်ကူချောမွေ့စေရေးအတွက် အမျိုးအစားခွဲခြားစွန့်ပစ်ခြင်းကို လေ့ကျင့်ပေးသင့်ပါသည်။ ဥပမာ- အန္တရာယ်ရှိသောအရာများ၊ စားကြွင်းစားကျန်များ၊ မီးရှို့ခြင်းလုပ်ဆောင်၍ မရသောပလပ်စတစ်ကဲ့သို့ အရာများ နှင့် သာမန် အမှိုက်များဟု အမျိုးအစားခွဲခြားပြီး သီးသန့်ပုံးများထားပေးခြင်းမျိုး ဖြစ်ပါသည်။

၃။ လူနာစမ်းသပ်ကုသခြင်း
ဆေးခန်းတွင်းလူနာစမ်းသပ်ခြင်း၊ ကုသမှုပေးခြင်းတို့ ပြုလုပ်ရာတွင်လည်းရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေး အလေ့အကျင့်များအား တိကျစွာဆောင်ရွက်ခြင်းက ကျန်းမာရေး စောင့်ရှောက်ခြင်း၏ အရည်အသွေးတခုလည်း ဖြစ်ပါသည်။ ၎င်းတို့ကိုလိုက်နာဆောင်ရွက်မှသာ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၊ လူနာများနှင့် လူထုအတွင်းရောဂါကူးစက်ပျံ့ပွားမှု အန္တရာယ်များ လျော့နည်းသက်သာပါမည်။ ကောင်းမွန်သော ရောဂါကူးစက်မှု ကာကွယ်ရေးအလေ့အကျင့်များကို လိုက်နာဆောင်ရွက်ရပါမည်။

သန့်ရှင်း၊ ပိုးသတ် မှုများကိုအချိန်ဇယားထားရှိဆောင်ရွက်ခြင်း
အထက်တွင် ဖော်ပြခဲ့သောဇရိယာအလိုက် ကူးစက်မှု ကာကွယ်ထိန်းချုပ်ရေး လုပ်ဆောင်ရာတွင် ပိုမိုထိရောက်ပြီး တိကျစွာဆောင်ရွက်နိုင်ရန်အတွက် ဆေးခန်းရှိဝန်ထမ်းများအနေဖြင့် အချိန်ဇယားဆွဲခွဲဝေ လုပ်ဆောင်ရပါမည်။ နေရာအလိုက် နေ့စဉ်၊ အပတ်စဉ်၊ လစဉ် စသဖြင့် သန့်ရှင်းရေး ပြုလုပ်ခြင်း၊ ပိုးသတ်ခြင်း ၊ အမှိုက်သိမ်းခြင်း စသည်တို့ကို အလျဉ်းသင့်သလို ဆောင်ရွက်ကြရပါမည်။

သန့်ရှင်းရေးဆောင်ရွက်ရန် ဇယားကွက်ပုံစံ

	ခြံဝင်း	အဆောက်အဦး	ပရိဘောဂ	ပစ္စည်းကိရိယာ
တနလ်ာ	တာဝန်ကျသူ	တာဝန်ကျသူ	တာဝန်ကျသူ	တာဝန်ကျသူ
အင်္ဂါ				
ဗုဒ္ဓဟူး				
ကြာသာပတေး				
သောကြာ				
စနေ				

ရောဂါကူးစက်မှုကာကွယ်ရေးအတွက် ကောင်းမွန်သောအလေ့အကျင့်များ

- လူနာတိုင်းကို ထိကိုင်ခြင်းမပြုမီနှင့် ပြုပြီးချိန်တိုင်းတွင် လက်ဆေးရပါမည်။ လက်အိတ်ဝတ်ထားသည့်တိုင် လက်ဆေးခြင်းကို ပြုလုပ်သင့်ပါသည်။
- ကိုယ်အင်္ဂါများ၏ အပေါ်ယံအမြှေးပါးများ၊ သွေး၊ ကိုယ်တွင်းမှ အရည်များ၊ စွန့်ထုတ် အညစ်အကြေးများကိုထိတွေ့ ကိုင်တွယ်မှုပြုလုပ်တိုင်းတွင် လက်အိတ်နှင့်တကွ သင့်လျော်သော တကိုယ်ရေ အကာအကွယ် ပစ္စည်းများဝတ်ဆင်ရပါမည်။
- ချွန်ထက်သောအရာများ (အထူးသဖြင့် ဆေးထိုးအပ်၊ ခွဲစိတ်ဓား) ကိုစနစ်တကျ ကိုင်တွယ် စွန့်ပစ်ခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်သူ၊ သန့်ရှင်းရေးလုပ်သူနှင့် လူထုအကြားထိခိုက်မှု မရှိအောင် ကာကွယ် ပေးရပါမည်။
- စမ်းသပ်စစ်ဆေးမည့် သွေး၊ သလိပ်၊ ဆီး၊ဝမ်း၊ အသားစစသည်တို့ကိုလည်းအထူးဂရုစိုက် ကိုင်တွယ်ရပါမည်။
- လူနာ၏ ကိုယ်မှ ထွက်သောအရည်များ နှင့်ထိတွေ့ထားသောပစ္စည်းကိရိယာများ၊ စားပွဲ၊ ကုတင်ကဲ့သို့ သောမျက်နှာပြင်များကို ပိုးသတ်သန့်စင် ရပါမည်။
- စနစ်တကျ ပိုးသတ်သန့်စင်ရန် ပစ္စည်းကိရိယာမရှိသည့်တိုင် ရေနွေးငွေ့ဖြင့် အပူပေးသော အပြင်းစား ပိုးသတ်နည်းမျိုးကို အသုံးပြု သန့်စင် ပေးရပါမည်။
- ဆေးခန်းသုံးပစ္စည်းကိရိယာများကိုစနစ်တကျ သိမ်းဆည်းထားရပါမည်။
- အမှိုက်စွန့်ပစ်ခြင်းကိုလည်းစနစ်ကျပြီးလုံခြုံစိတ်ချရစေရန် စီမံရပါမည်။
- ရောဂါကူးစက်ခြင်း တားဆီးကာကွယ်ရေး အလေ့အကျင့်များကိုစဉ်ဆက်မပြတ် ထောက်ကူကြီးကြပ်ခြင်းဖြင့် စောင့်ကြပ် အကဲဖြတ် ညွှန်ကြားနေရပါမည်။

ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးနည်းလမ်းများ

၁။ လက်ဆေးခြင်း



"လက်ဆေးရာတွင် ရောဂါပိုးစင်ကြယ်စေရန် အနည်းဆုံး စက္ကန့် ၂၀ ကြာဆေးရမည်"

လက်ဆေးခြင်းသည် ရောဂါ ကူးစက်မှုကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များတွင် တခုတည်းသော အရေးကြီးဆုံးနည်းလမ်းဖြစ်သည်။ စနစ်တကျ လက်ဆေးခြင်းက ရောဂါကူးစက်မှုများ နည်းပါးအောင် လျှော့ချ ပေးသည့် သော့ချက်ဖြစ်ပြီး အလေ့အကျင့်ကို စွဲမြဲလုပ်ဆောင်လျင် ကူးစက်မှုကင်းမဲ့နယ်မြေတခုအဖြစ် ထိန်းထားနိုင်ပါသည်။

လက်ဆေးခြင်းလုပ်ဆောင်ရမည့် အခြေအနေများမှာ-

- လူနာကိုမစမ်းသပ်မီသို့မဟုတ် တိုက်ရိုက် ထိတွေ့ခြင်းမပြုမီ
- စနစ်တကျပိုးသတ်ထားသောလက်အိတ်များသို့မဟုတ် စမ်းသပ်မည့် လက်အိတ်များမဝတ်ဆင်မီ
- လက်ကိုပိုးမွှားကပ်ငြိနိုင်သောအနေအထားများတွင် - ဥပမာ
  - » သုံးစွဲပြီးပစ္စည်းကိရိယာများကိုကိုင်တွယ်ခြင်း
  - » ကိုယ်တွင်းမှ အပေါ်ယံအမြှေးပါး၊ သွေး၊ ကိုယ်တွင်းမှ အရည်များ နှင့် စွန့်ထုတ် အညစ်အကြေးများထိမိလျှင်
- လက်အိတ်ချွတ်ပြီးလျှင်

လက်ဆေးခြင်းနည်းလမ်း
သာမန် ဆပ်ပြာနှင့် သန့်ရှင်းသောရေအသုံးပြု ဆေးကြောခြင်းကလည်းပိုးသတ်ဆေးရည်သုံးခြင်း ကဲ့သို့ပင် လက်သန့်ရှင်းရေးနှင့် ကပ်ငြိနေသောပိုးမွှားများဖယ်ရှားရာတွင် ထိရောက်ပါသည်။ နည်းလမ်းတကျ ဆေးကြောရန်သာ သတိပြုရပါမည်။

နည်းလမ်းတကျ လက်ဆေးခြင်းဆိုသည်မှာ-

- လက်ကိုရေစိုအောင် စွတ်ပါ
- ဆပ်ပြာခဲ၊ ဆပ်ပြာရည် ၊ ဆပ်ပြာမှုန့် တခုခုဖြင့်ပွတ်ပါ
- ဆပ်ပြာပွတ်ထားသောလက်ဖဝါး၊ လက်ဖမိုး နှင့် လက်ချောင်းများကို ၁၀ စက္ကန့်ခန့် ခပ်ပြင်းပြင်း

ပွတ်တိုက်ပေးပါ။ လက်သည်းများနှင့် လက်ဖဝါးအတွင်း လက္ခဏာအရေးအကြောင်းများပါးမကျန်အောင် ဂရုစိုက်ပါ။

- ပွတ်တိုက်ပြီးလျှင် စီးကျနေသော ရေ သို့မဟုတ် ရေလောင်းချခြင်းဖြင့် ဆပ်ပြာများ ပြောင်စင်သည့်အထိ ထပ်မံဆေးကြောပါ။
- ခြောက်သွေ့သောလက်သုတ်ပုဝါ သို့မဟုတ် တစ်ရှူးစက္ကူ သို့မဟုတ် လေအားသုံးစက်ဖြင့် လက်ကို ခြောက်သွေ့အောင်လုပ်ပါ (လက်သုတ်ပုဝါ သုံးလျှင် နေ့စဉ် လျှော်ဖွတ်ရပါမည်)။

လက်သန့်ဆေးရည်ဖြင့် ဆေးကြောခြင်း



ဆပ်ပြာဖြင့် လက်ဆေးခြင်း ပြုလုပ်ရန် အဆင်မပြေသော အခြေအနေများတွင် လက်သန့်ဆေးရည် သုံးပြီး သန့်စင်နိုင်ပါသည်။ လက်သန့်ဆေးရည်သည် အယ်လ်ကိုဟော ၆၀ မှ ၉၀% ပါဝင်သောအရက်ပြန်ဖြင့် ဖျော်စပ်ထားသော ဆေးရည်ဖြစ်ရပါမည်။

ဆေးရည် ၅ မီလီလီတာခန့်ကိုလက်ဖဝါးတွင်း လောင်းထည့်ပြီး လက်ချောင်းများအကြား၊ လက်သည်းနှင့် လက်ဖဝါးအတွင်း အရေးအကြောင်းများကိုပါ သေချာစွာ ပွတ်သပ်ပေးရပါမည်။ လက်ကိုလေဖြင့်သာ အခြောက် ခံပြီး အသုံးပြု မပြီးမချင်း ဆေးကြောမပစ်ရပါ။

၂။ လက်အိတ်

လက်အိတ်သည်လည်း လက်သန့်ရှင်းရေးအတွက် အကာအကွယ် နည်းလမ်းတခုဖြစ်ပါသည်။ ရောဂါကူးစက်မှု ထိန်းချုပ်ရာတွင် အရေးပါသောနည်းလမ်းတခုဖြစ်ပါသည်။ ဆေးခန်းအခြေအနေအရ ယေဘုယျ အသုံးပြုနိုင်သော လက်အိတ်အမျိုးအစားများမှာ –

- သာမန် အသုံးပြုသောလက်အိတ်များ (ပလပ်စတစ်၊ ရာဘာ)





- လူနာစမ်းသပ်သည့် လက်အိတ်များ (ရာဘာ)





- အထူးပိုးသတ်သန့်စင်ထားသောခွဲစိတ်ခန်းသုံးလက်အိတ်များ





၂.၁။ လက်အိတ် အသုံးပြုရမည့် အခြေခံစည်းမျဉ်းများမှာ-


- ကျန်းမာရေးစောင့်ရှောက်မှုပေးသူတိုင်းသည် လူနာသို့မဟုတ် ထိကိုင်မည့်သူတို့၏ သွေး၊ ခန္ဓာကိုယ်မှ အရည်များ၊ စွန့်ထုတ်ပစ္စည်းများကိုမထိတွေ့မီလက်အိတ် ဝတ်ဆင်သင့်ပါသည်။
- လူတဦးမှ တဦးသို့ ရောဂါ ကူးစက်ပျံ့ပွားခြင်းကိုတားဆီးရန် လက်အိတ်ကိုတဦးစီအတွက် သီးသန့်စီသာ သုံးသင့်ပါသည်။
- လက်အိတ်ဝတ်ဆင်ခြင်းက လက်ဆေးခြင်းကိုအစားထိုးမှု မဟုတ်သဖြင့် လက်ဆေးခြင်းကိုလည်း ပုံမှန် ဆက်လက်ပြုလုပ်သွားရန် သတိပြုရပါမည်။
- လုပ်ဆောင်မည့် လုပ်ငန်းအလိုက် အသုံးပြုသင့်သော လက်အိတ်များကို အောက်ပါအတိုင်း ယေဘုယျ သတ်မှတ်ပါသည်။

ဆောင်ရွက်မည့် လုပ်ငန်း	လက်အိတ် (လို/ မလို)	သုံးသင့်သောလက်အိတ်
သွေးပေါင်ချိန်ခြင်း	မလို	
အဖျားတိုင်းခြင်း	မလို	
ဆေးထိုးခြင်း	လို	စမ်းသပ်လက်အိတ်
သွေးဖောက်ခြင်း	လို	စမ်းသပ်လက်အိတ်
အကြောဆေးထိုးခြင်း၊ အပ်ပြန်လည်ဖယ်ရှားခြင်း	လို	စမ်းသပ်လက်အိတ်
ဆီးခုံပိုင်းစမ်းသပ်ခြင်း (မွေးလူနာမဟုတ်)	လို	စမ်းသပ်လက်အိတ်
ဒဏ်ရာ၊ အနာများထိကိုင်ခြင်း	လို	စမ်းသပ်လက်အိတ်
ဒဏ်ရာ၊ အနာများထိကိုင်ခြင်းမိန်းမကိုယ်မှ ကလေးမွေးဖွား ခြင်း	လို	ပိုးသတ်ထားသောခွဲခန်းသုံး လက်အိတ်
ဆေးခန်းသုံးပစ္စည်းများကိုင်တွယ် သန့်စင်ခြင်း	လို	သာမန် လက်အိတ်
အမှိုက်များကိုင်တွယ်ခြင်း	လို	သာမန် လက်အိတ်
သွေးနှင့် ခန္ဓာကိုယ်မှအရည်များသန့်ရှင်းခြင်း	လို	သာမန် လက်အိတ်

၃။ တကိုယ်ရေအကာအကွယ် ပစ္စည်းများ (PPE)

ရောဂါကူးစက်နိုင်ချေ ရှိသောအရာများနှင့် ထိတွေ့ခြင်းမှ ကာကွယ်ရန်အတွက် တကိုယ်ရေအကာအကွယ်များကို အသုံးပြုကြပါသည်။ ၎င်းတို့မှာ-

- ခေါင်းစွပ် (ဦးထုပ်)
- မျက်စိကာ (Glass)
- အလုံဖိနပ် (ဘွတ်ဖိနပ်၊ ရှူး)
- လက်အိတ် (Glove)
- ရှေ့ဖုံးခါးစည်း (Apron)
- နှာခေါင်းစည်း (Mask)
- ကိုယ်လုံဝတ်ရုံ (Gown)



မျက်စိအကာ
အသက်ရှူ ကိရိယာပုံစံ
နှာခေါင်းစည်း

ရောဂါပိုးရှိသူကိုကိုင်တွယ်နေရသောကျန်းမာရေးဝန်ထမ်းများအတွက် တကိုယ်ရေကာကွယ်ရေးဝတ်ရုံ

တကိုယ်ရေကာကွယ်ပစ္စည်းများအမျိုးအစားနှင့် အသုံးပြုပုံ

အမျိုးအစား	မဖြစ်မနေသုံးရန်	ပဏာမကာကွယ်မှု
ခေါင်းစွပ်၊ ကိုယ်လုံဝတ်ရုံ၊ နှာခေါင်းစည်း၊ ရှေ့ဖုံး ခါးစည်း	အရေပြားအောက်ရိုတစ်ရှူးများ နှင့် ထိတွေ့ခြင်းလုပ်ဆောင်ရ မည့် အခါတိုင်း	ကျန်းမာရေးစောင့်ရှောက်မှု ပေးသူ နှင့် လူနာ
အလုံပိတ် ဖိနပ်များ	ချွန်ထက်သောအရာဝတ္ထုများ သို့မဟုတ် ဖိတ်စင် နေသော ရောဂါကူးစက်မှု ဖြစ်စေနိုင် သည့် အရာများ နှင့် လုပ်ကိုင်ရ သည့်အနေအထား	ကျန်းမာရေးစောင့်ရှောက်မှုပေးသူ
မျက်စိကာမှန်/ ပလပ်စ တစ်၊ နှာခေါင်းစည်း၊ ရှေ့ဖုံး ခါးစည်း သို့မဟုတ် မိုးကာ	သွေး၊ ခန္ဓာကိုယ်မှ ထွက်သော အရည်များ၊ စွန့် ထုတ်ပစ္စည်း များ နှင့် ထိတွေ့နိုင်သည့် အခြေ အနေများ	ကျန်းမာရေးစောင့်ရှောက်မှုပေးသူ
နှာခေါင်းစည်း	လေ သို့မဟုတ် ငွေ့ရည်မှုန် များမှ ကူးစက်မှု ဖြစ် စေမည့် အနေအထားများ	ကျန်းမာရေးစောင့်ရှောက်မှုပေး သူ နှင့် လူနာ

၄။ နှာခေါင်းစည်း

နှာခေါင်းစည်းများ၏ အခန်းကဏ္ဍသည် ကိုဗစ် ၁၉ ကဲ့သို့သောကမ္ဘာ့ကပ်ရောဂါ ကျရောက်ချိန်တွင် ပိုမို အရေးပါလာပါသည်။ လေထုနှင့် ငွေ့ရည်မှုန်များမှ ရောဂါကူးစက်ခြင်းကိုကာကွယ်ရေးတွင် နှာခေါင်စည်းက အလွန်အရေးကြီးသော အကာအကွယ်ဖြစ်ပါသည်။ အထူးသဖြင့် ကာကွယ်ကုသရန် ဆေးဝါးမပေါ်ပေါက် သေးသော လေနှင့် ငွေ့ရည်မှုန်မှတဆင့် ကူးစက်သည့်ရောဂါများအတွက် အရေး ပါလွန်းသော ကာကွယ်ရေး အသုံးအဆောင်ဖြစ်ပါသည်။

နှာခေါင်းစည်း တပ်ဆင်အသုံးပြုရာတွင် စမ်းသပ်ပြုစုသော ကျန်းမာရေးဝန်ထမ်းသာမက လူနာပါ တပ်ဆင် ရပါမည်။ နှစ်ဦး နှစ်ဖက် နှာခေါင်းစည်း တပ်ဆင်ခြင်းက ရောဂါကူးစက်မှု ကာကွယ်ရေးတွင် အထိရောက်ဆုံး ဖြစ်ပါသည်။

- နှာခေါင်းစည်း၏ အဓိကရည်ရွယ်ချက်မှာတပ်ဆင်သူ၏ အသက်ရှူလမ်းကြောင်းမှ ထွက်လာသော ငွေ့ ရည်မှုန်များ အခြားသူထံ နှင့် လေထုထဲသို့ ပျံ့နှံ့ခြင်းမရှိအောင် ဖြစ်သော်လည်း ယခုနောက်ဆုံး လေ့လာ ချက်များအရ အခြားသူများကိုသာမက တပ်ဆင်သူကိုလည်း ကာကွယ်ပေးသည်ဟုသိရ ပါသည်။ အသုံး ပြုသော အမျိုးအစားလိုက်၍ ကာကွယ်နိုင်စွမ်းကွာခြားသော်လည်း ထိရောက်မှု ရှိသည် ဟုဆိုပါသည်။

- အသုံးများပြီးရနိုင်သော နှာခေါင်းစည်းများမှာ-

  - N 95 – အထူးစီမံထားသော နှာခေါင်းစည်းများဖြစ်ပြီးထိရောက်မှု အရှိဆုံး ဖြစ်သည်။ သို့သော် စျေးနှုန်းလည်းမြင့်မား၍ ပေါပေါများများရရန်ခက်ပြီး အမှန်တကယ် မရှိမဖြစ် လိုအပ်သော အခြေအနေများတွင်သာ အသုံးပြုကြပါသည်။





  - KN95 – ၎င်းနှာခေါင်းစည်းမှာ N95 နှင့် အာနိသင်အရ ကွာခြားမှု သိပ်မရှိသော်လည်း စျေးနှုန်း အရ ချိုသာသဖြင့် အသုံးပြုသင့်သော အမျိုးအစားဖြစ်ပါသည်။



  - ဆေးရုံသုံး နှာခေါင်းစည်း- တခါသုံးများ ဖြစ်ပြီးထိရောက်မှုရှိ ပါသည်။ ဆေးရုံဆေးခန်းများတွင် အသုံးပြုခြင်းများပြီး ကပ်ရောဂါ ကာလများတွင်လည်း တွင်ကျယ်စွာ သုံးကြပါသည်။



- လက်ချုပ် အဝတ်နှာခေါင်းစည်း- ချည်သားကိုအနည်းဆုံး ၂ ထပ် ဖြင့် ချုပ်ထားလေ့ရှိပြီး ကာကွယ် နိုင်စွမ်းအတန်အသင့်ရှိပါသည်။ နေ့စဉ် အသုံးပြုလိုလျှင် နေ့တိုင်းလဲလှယ်လျှော်ဖွတ် သုံးနိုင်သောကြောင့် စရိတ်စကသက်သာပါသည်။



နှာခေါင်းစည်းအမျိုးအစားလိုက် အသုံးပြုရန် အခြေအနေများ

အခြေအနေများ	အသုံးပြုသင့်သော နှာခေါင်းစည်း	မှတ်ချက်
• လူစုလူဝေးရှိနိုင်သောနေရာများ • လူအများသုံးယာဉ်များစီးနင်းခြင်း • အလုံပိတ် လေအေးစက်တပ် အခန်းများ ကဲ့သို့ ဘေဝင်လေထွက် မကောင်းသော အခန်းများ • တဦး နှင့်တဦး ခွာနေသင့်သော လူမှု အကွာအဝေး (အနည်းဆုံး ၃ ပေ နှင့် အထက်) မကျင့်သုံးနိုင်သောနေရာများ	• ချည်သားအဝတ် နှာခေါင်းစည်း • ဆေးရုံသုံး နှာခေါင်းစည်း	
• အသက် ၆၀ အထက်လူကြီးများ • နာတာရှည် ရောဂါ အခံရှိသူများ • နေထိုင်မကောင်း ဖြစ်နေသူများ • မိသားစုတွင် ဖျားနာနေသူရှိ၍ စောင့်ရှောက်နေရလျှင်	• ဆေးရုံသုံး နှာခေါင်းစည်း	
• ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသော ဝန်ထမ်းများ • လူချင်းထိတွေ့မှုမှငင်း၊ အသက်ရှူလမ်းကြောင်းမှငင်း ကူးစက်နိုင်သောရောဂါရှိနေသူကို ပြုစုစောင့်ရှောက်နေသူများ	• N 95	

အန္တရာယ်ကင်းလုံခြုံစိတ်ချရသောဆေးထိုးခြင်း





ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးတွင် ဆေးထိုးခြင်းသည်လည်း အလွန်အရေးကြီးသော ကဏ္ဍတခု ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး၏ ခန့်မှန်းချက်အရ ယနေ့သုံးနေသော ဆေးထိုးခြင်းများတွင် ၅၀% ခန့်က လူနာ၊ ကျန်းမာရေးဝန်ဆောင်မှုပေးသူ များအတွက်သာမက လူထုများပါ အန္တရာယ်ရှိနေသည်ဟု ဆိုပါသည်။ သက္ကရာဇ် ၂၀၀၀ ခုနှစ် တခုတည်း၏ ကိန်းဂဏန်းများအရ

ရောဂါပိုးကပ်ငြိနေသော ဆေးထိုး အပ်များမှတဆင့် ကူးစက်ခံရသောစာရင်းမှာ –
- အသည်းရောင် အသား၀ါ ဘီလူနာသစ် – ၂၁ သန်း
- အသည်းရောင် အသား၀ါ စီလူနာသစ် – ၂သန်း
- အိပ်ချိအိုင်ဗီလူနာသစ် – ၂၆၀ ၀၀၀ခန့် အသီးသီးရှိသည်ဟုခန့်မှန်းပါသည်။

မလိုအပ်ဘဲဆေးထိုးခြင်းကို တားမြစ်နိုင်မှသာဆေးထိုးခြင်းမှ ရောဂါကူးစက်မှုကိုကာကွယ်နိုင်ပါမည်။ လိုအပ်၍ ဆေးထိုးရမည် ဆိုလျှင်လည်း အန္တရာယ်ကင်းလုံခြုံစိတ်ချရအောင် စီမံရပါမည်။

အန္တရာယ်ကင်းသောဆေးထိုးခြင်းဆိုသည်မှာ
ဆေးထိုးခံရသူအတွက် ဘေးကင်းစေရန်၊ ဆေးထိုးပေးသူအတွက် ဖြစ်နိုင်ချေရှိသော အန္တရာယ်များ ရှောင်ရှားနိုင်ရန် နှင့် ဆေးထိုးရာမှ စွန့်ပစ်သော ပစ္စည်းများကြောင့် အခြားသူများကိုလည်း အန္တရာယ် မဖြစ်စေရန် စနစ်တကျ လေ့ကျင့်လုပ်ဆောင်ခြင်းကို အန္တရာယ်ကင်း စိတ်ချရသောဆေးထိုးခြင်းဟု ခေါ်ပါသည်။

ဆေးထိုးပြွန် နှင့် ဆေးထိုးအပ်အသုံးပြုရာတွင် အလေ့အကျင့်ပြုရမည့် စည်းမျဉ်းများ

ဆေးထိုးခံလူနာ၊ ဆေးထိုးပေးသူ နှင့် လူထုအကြား စနစ်မကျသောဆေးထိုးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါကူးစက်မှုများအားကာကွယ်ထိန်းချုပ်ရန် ထိရောက်သောစည်းမျဉ်းများ လိုက်နာကျင့်သုံးရပါမည်။

၁။ ပိုးသတ်သန့်စင်ထားသောဆေးထိုးပစ္စည်းများအသုံးပြုရန်

- ဆေးထိုးသည့်အခါတိုင်း တခါသုံးဆေးထိုးအပ် နှင့် ဆေးပြွန်များသာအသုံးပြုရန်။
- ဆေးထိုးအပ်နှင့် ဆေးပြွန်များသေချာစွာပိတ်ထားခြင်းရှိမရှိ နှင့် ထည့်သိုထားသည့် အိတ်များ ပေါက်ပြဲ ပျက်စီးမှု ရှိမရှိသေချာစွာစစ်ဆေးရန်။
- ထိုးဆေးများဖျော်စပ်ရန် လိုအပ်လျှင်လည်း ဆေးတမျိုးစီအတွက် တခါသုံးအပ်များ၊ ပြွန်များတခုစီသာ အသုံးပြုရန်။

၂။ ဆေး နှင့် ဆေးထိုးပစ္စည်းများရောဂါပိုးကပ်ငြိမှု မရှိအောင် ကာကွယ်ခြင်း

- ဆေးများစုပ်ယူ ပြင်ဆင်ရာတွင် သွေးနှင့် ကိုယ်တွင်းမှ အရည်များကပ်ငြိပေကျံမှု မရှိစေရန် သတ်မှတ်ထားသော သန့်ရှင်းသည့် နေရာတွင်သာ ပြုလုပ်ရန်။
- အကြိမ်များစွာထိုးနှံနိုင်သည့် ထိုးဆေးပုလင်းများထက် တကြိမ်သုံးထိုးဆေးပုလင်းများ အသုံးပြုရန်။
- အကြိမ်များများထိုးရသည့် ထိုးဆေးပုလင်းများသုံးမည် ဆိုလျှင်လည်း ပုလင်းအဆို့ကို ပိုးသတ်သန့်စင်ထားသောအပ်ဖြင့် ဖောက်၍ ဆေးစုပ်ယူရမည်၊ ပုလင်းအဆို့တွင် အပ်တန်းလန်းထားခြင်းကို လုံးဝ မပြုလုပ်ရ။
- ထိုးဆေးပုလင်းများကို အသုံးပြုရာတွင် အဆင်သင့်ခေါင်းချိုး၍ရသော ပုလင်းများအသုံးပြုနိုင်လျှင် ပိုကောင်းပါသည်။ သတ္တုတံစဉ်းဖြင့် ဖြတ်တောက်ရမည့် ပုလင်းမျိုးအသုံးပြုလျှင် လက်ကို ပတ်တီးစ ကဲ့သို့ အခုအခံဖြင့် ကာကွယ်ထားရပါမည်။
- ဆေးများကိုညွှန်ကြားချက်အတိုင်းအသုံးပြု၊ သိမ်းဆည်းကိုင်တွယ်မှုများလိုက်နာဆောင်ရွက်ရပါမည်။
- ဆေးထိုးမည့်နေရာမှ အရေပြားကိုမထိုးမီသန့်ရှင်းအောင် ပြုလုပ်ရပါမည်။ ညစ်ပေစွန်းထင်းနေသော အရာများရှိလျှင် ဆပ်ပြာနှင့် ရေသုံးပြီးဆေးကြောရပါမည်။ ပိုးသတ်သန့်စင်ဆေးဖြင့် သုတ်လိမ်းမည် ဆိုလျှင်လည်း တခါသုံးပစ္စည်းများသာ သုံးရပါမည်။
- ဆေးထိုးအပ်ကို ပိုးသတ်မထားသောနေရာများ နှင့် ထိတွေ့မိသည်နှင့် လဲလှယ် စွန့်ပစ်ရပါမည်။

၃။ ဆေးထိုးသူကိုမထိခိုက်အောင် ကာကွယ်ခြင်း

ဆေးထိုးခြင်းသို့မဟုတ် အရေပြားကို ထိုးဖောက်မှုပြုခြင်း တခုခုလုပ်သည့်အခါတိုင်းတွင် အောက်ပါအခြေခံ စည်းမျဉ်းများကိုလိုက်နာရမည်။

- ဆေးထိုးခံရသူမှ ရုတ်တရက် ရုန်းကန်လှုပ်ရှားမှုပြုလျှင် မလိုလားအပ်သောထိခိုက်မှုများ ဖြစ်လာနိုင် သဖြင့် ဤသို့ မဖြစ်အောင် ကြိုတင် စီမံကာကွယ်ထားရန်
- ဆေးထိုးအပ်ကို အဖုံးပြန်စွပ်ခြင်းကဲ့သို့သော လက်ကိုထိခိုက်စေမည့် အပြုအမူများရှောင်ကြဉ်ရန်
- အသုံးပြုပြီးဆေးထိုးပြွန်၊ ဆေးထိုးအပ်များ သို့မဟုတ် ချွန်ထက်သောအရာများကို မပေါက်ပြဲနိုင်သော၊ အဖုံးပိတ်ထားသော သီးသန့်ထည့်သိုစရာအတွင်းသို့ စွန့်ပစ်ရန်
-

သွေးထွက် ပေကျံနိုင်မည့် အခြေအနေများတွင် ဆေးထိုးလျှင် လက်အိတ်သုံးရန်



၄။ ဆေးထိုးပြွန် နှင့် အပ်များကိုအလွယ်တကူထိကိုင်မှု မပြုမိစေရန်

- ချွန်ထက်သောစွန့်ပစ် ပစ္စည်းများ ထည့်သိုသောအရာကို စွန့်ပစ်ခြင်း မပြုမီ လုံခြုံအောင် ပိတ်ထားရမည်။ အလုံပိတ်ထားပြီးလျှင် ပြန်လည်ဖွင့်ခြင်း၊ သွန်၍ ပြန်သုံးခြင်းများ လုံးဝမပြုလုပ်ရ။
- ချွန်ထက်သောစွန့်ပစ်ပစ္စည်းများကို ပတ်ဝန်းကျင် ထိခိုက်မှု မရှိစေဘဲ အန္တရာယ်ကင်း လုံခြုံစိတ်ချရသည့် နည်းလမ်းများ အသုံးပြု စွန့်ပစ်ရန်။

ဆေးထိုးရာတွင် လိုက်နာရမည့် စံများ

- ဆေးထိုးလျှင် ဖြစ်ပေါ်လာနိုင်သောဓာတ်မတည့်မှု တစုံတရာအတွက် သေသပ်စွာ ပြင်ဆင်ထားသော အရေးပေါ်ဆေးဝါးများကိုလက်လှမ်းမီရာတွင် အဆင်သင့်ထားရှိရန်၊
- လက်ကိုရေနှင့်ဆပ်ပြာသုံး၍ ဆေးကြောပါ၊ ကာကွယ်ဆေးထိုးခြင်းမှလွဲလျှင် အခြားမည်သည့် ဆေးထိုးခြင်းမဆို မပြုလုပ်မီအရက်ပြန်ဖြင့် လက်ကိုထပ်မံဆေးသင့်ပါသည်။
- တခါသုံးစက္ကူ သို့မဟုတ် လက်သုတ်ပုဝါသုံး၍ လက်ကိုခြောက်သွေ့အောင်ပြုလုပ်ရန်၊
- ထိုးမည့် ဆေးပုလင်းကို အချက်အလက်စုံလင်အောင် စစ်ဆေးကြည့်ရှုရန် (ဆေးသက်တမ်း၊ ပျက်စီးမှု ရှိမရှိ၊ ယိုစိမ့်မှု ရှိမရှိ၊ ဆေးတွင် အခြားအရာများ စွန်းထင်းကပ်ငြိနေခြင်း ရှိမရှိ)၊
- ဆေးထိုးမည့်သူ၊ ထိုးမည့်ဆေး၊ ထိုးရမည့် ပမာဏအားလုံးသေချာအောင် စစ်ဆေးရန်၊
- ဖျော်စပ်ရန် လိုအပ်သောဆေးအတွက် ထုတ်လုပ်သူ၏ အညွှန်းအတိုင်း တိကျသောဖျော်စပ်ခြင်း ပြုလုပ်ရန်
- ဆေးထိုးပြွန်အတွင်း အမှန်တကယ် လိုအပ်သောပမာဏသာရှိအောင် စုပ်ယူခြင်း၊ ပိုလျှင် ပြန်ထုတ်ခြင်း ပြုလုပ်ရန်၊
- ဆေးမထိုးမီလိုအပ်သောပိုးသတ်သန့်စင်နည်းလမ်းများလိုက်နာရန်
- ဆေးထိုးရမည့် နေရာကိုတိကျမှန်ကန်စွာ ရွေးချယ်ရန်၊
- ထိုးပြီးသောဆေးထိုးပြွန် နှင့် ဆေးထိုးအပ်ကို ချွန်ထက်သောစွန့်ပစ် ပစ္စည်းများ သိုလှောင်သော အရာထဲသို့ ချက်ချင်းစွန့်ပစ်ရန် (သုံးပြီးဆေးထိုးပြွန် နှင့် အပ်ကို လူနာအား မည်သည့်အကြောင်းနှင့်မျှ မပေးရပါ)
- ဆေးထိုးသည့် ရက်စွဲ၊ အချိန်များကိုသေချာစွာ မှတ်တမ်းပြုလုပ်ထားရန်၊

အထူးမှတ်သားရန်

- ဆေးထိုးမည့်လူနာအား ဆေးမထိုးမီ ဆေးအမျိုးအစား၊ ဖြစ်ပေါ်တတ်သော ဘေးထွက်ဆိုးကျိုး၊ ဆေးထိုးပြီးနောက် ဖြစ်တတ်သည့် လက္ခဏာ၊ အကြိမ်ရေမည်မျှ ထိုးရမည် စသည်တို့ကိုပညာပေး၊ နှစ်သိမ့်ဆွေးနွေး ပြောကြားရမည်။)

အသုံးပြုပြီးဆေးထိုးအပ် သို့မဟုတ် ချွန်ထက်သောအရာများနှင့် ထိရှခြင်း

ဆေးထိုးရာတွင် အထူးသတိပြုသော်လည်း မတော်တဆထိခိုက်မှုများ ကြုံတွေ့နိုင်ပါသည်။ ဆေးထိုးပြီးအပ်ကို အမှတ်တမဲ့ ထားရှိခြင်းမျိုး၊ အပ်ကိုအစွပ် ပြန်စွပ်ခြင်းမျိုး၊ အပ်ကိုကွေးခြင်းမျိုးတို့မှ ထိရှ စူးဝင်တတ်ပါသည်။ ဆေးထိုးအပ် ထိရှမိလျှင် –

- ဒဏ်ရာကိုရေ နှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးပါ
- လိုအပ်မည် ဟုယူဆလျှင် ပိုးသတ်သန့်စင်ဆေးသုံးပါ
- ဒဏ်ရာခြောက်သွေ့လျှင် ရေမစိုစေအောင် ဆေးထည့် စီးနှောင်ထားပါ

အချို့သောပစ္စည်းကိရိယာစုံလင်သည့် ကျန်းမာရေးဌာနများတွင် အပ်စူးမိပါက ထိုဆေးထိုးအပ်သုံးထား သည့် လူနာအား HIV , Hepatitis B , Hepatitis C စသည်တို့ကို စစ်ဆေးပြီး ထိခိုက်မိသော ကျန်းမာရေးဝန်ထမ်းအား လိုအပ်သောကာကွယ်ရေးအတွက် ဆေးဝါးများတိုက်ကျွေးခြင်း (Post Exposure Prophylaxis – PEP) ပြု လုပ်ကြပါသည်။

တိုင်းရင်းသားကျန်းမာရေးအဖွဲ့များ၏ ဆေးခန်းများတွင် ဤကဲ့သို့ ကြုံတွေ့ခဲ့လျှင် ၊ လူနာသည်လည်း သိရှိပြီး အထက်ပါရောဂါ တခုခုရှိနေမည်ဆိုလျှင် မိမိတို့နှင့် အနီးဆုံးနေရာမှ PEP ဝန်ဆောင်မှု ပေးနိုင် သောနေရာ များသို့ သွားရောက် အကူအညီရယူသင့်ပါသည်။ သက်ဆိုင်ရာအဖွဲ့ အစည်းများအနေဖြင့် လည်း ၎င်းကဲ့သို့ ဖြစ်စဉ်များကို ဆောင်ရွက် ပံ့ပိုးနိုင်ရန် ထည့်သွင်း စဉ်းစားထားရပါမည်။

ဤစာအုပ်တွင် PEP နှင့်ပတ်သက်၍ ဗဟုသုတအလို့ငှာ အကျဉ်းမျှ ဖေါ်ပြထားပါသည်။
ထိတွေ့မှုရှိပြီးနောက် ကာကွယ်ရေးအတွက် ဆေးဝါးတိုက်ကျွေးခြင်း (Post Exposure Prophylaxis–PEP)

- ကမ္ဘာတဝှမ်းတွင် HIV ရောဂါပိုး ကူးစက်ခံနေရသူပေါင်း ၃၅ သန်းခန့်ရှိပြီး ၎င်းတို့အနက် ၁၃ သန်း ခန့်မှာ ဗိုင်းရပ်စ်နှိမ်နင်းသောဆေး ARTကုသမှု ခံယူနေကြသည်ဟု ၂၀၁၃ ခုနှစ် ကုန်ပိုင်းတွင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ခန့်မှန်းထားသည်။
- လူအများ အနေဖြင့် HIV ပိုးထိတွေ့မှုကို ကျန်းမာရေး စောင့်ရှောက်ခြင်း လုပ်ငန်းများ ဆောင်ရွက် ရာမှ မတော်တဆ ဖြစ်ပွားတတ်ပါသည်။ ရံဖန်ရံခါလည်း မမျှော်လင့်သော လိင်ဆိုင်ရာ ထိတွေ့ ဆက်ဆံမှု သို့မဟုတ် အကြမ်းဖက်ခံရမှုများမှ ရရှိတတ်ပါသည်။
- မတော်တဆ ထိတွေ့မှုများတွင် ရောဂါပိုးကူးစက်မှု ကာကွယ်ရေးအတွက် HIV ပိုး တိုက်ဖျက် ရေး အတွက်သုံးသည့် ဆေးဝါးများ Antiretroviral (ARV) ကို အသုံးပြုကြပြီး ထိတွေ့မှုဖြစ်ပွားပြီး နောက် ဆေးဝါးတိုက်ကျွေး ကာကွယ်ခြင်း post-exposure prophylaxis (PEP) ဟုခေါ်ပါသည်။ Antiretroviral (ARV) ဆေးများကို ၂၈ ရက်တာ တိုက်ကျွေးခြင်းဖြစ်ပါသည်။
- PEP ကို HIV ပိုးကူးစက်ခံရနိုင်ချေ ရှိသော ထိတွေ့မှု ရှိထားသူကို တတ်နိုင်သမျှ စောစီးစွာ တိုက်ကျွေးရပါမည်။ ၇၂ နာရီအတွင်း တိုက်ကျွေးရပါမည်။
- PEP ကို ထိတွေ့မှု ဖြစ်လျှင်ဖြစ်ချင်း စောနိုင်သမျှစောစော တိုက်ကျွေးနိုင်လျှင် HIV ပိုးကူးစက်ခံ ရနိုင်ချေကို ၈၀ % ကျော်အထိ လျှော့ချနိုင်ပါသည်။ ထိရောက်သော အာနိသင် ရရှိစေရန် ၂၈ ရက် အပြည့် ဆေးသောက်ရန်လိုအပ်ပါသည်။

လမ်းညွှန်မှုများ
မတော်တဆ HIV ပိုး ထိတွေ့မှုရှိပြီးနောက် ကူးစက်ခြင်းမှ ကာကွယ်ရန် တခုတည်းသော နည်းလမ်း မှာ PEP သာဖြစ်ပါသည်။ သို့သော် PEP ကို အချိန်မီ ရရှိရေးအတွက် နေရာတိုင်းတွင် အဆင်သင့် မဖြစ် သေးပါ။ မြန်မာနိုင်ငံတွင်လည်း အချို့သော NGO အဖွဲ့အစည်းများ၏ စီမံချက်ရှိသောနေရာများ၊ တိုင်း နှင့်ပြည်နယ် ကျန်းမာရေး ဌာနများရှိ ခုခံအား ကျဆင်းရောဂါ ကာကွယ်ထိန်းသိမ်းရေး အဖွဲ့များတွင် သာ ရနိုင်ပါသေးသည်။

နိုင်ငံအလိုက်၊ အဖွဲ့အစည်းအလိုက် မည်သို့သော အခြေအနေတွင် မည်သို့သော ဆေးဝါးများကို မည်ကဲ့သို့ တိုက်ကျွေးမည် ဆိုသည့် လမ်းညွှန်ချက်များ အသီးသီး ထားရှိကြပါသည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက WHO consolidated guidelines on the use of antiretroviral drugs for treating and preventing HIV infection, released in June 2013. ကို ထုတ်ပြန်ခဲ့ပြီး ၂၀၁၄ တွင် မွမ်းမံ ဖြည့်စွက်မှုများ ထပ်မံပြုလုပ်ခဲ့ပါသည်။ သက်ဆိုင်ရာ နိုင်ငံအလိုက် လမ်းညွှန်များကို ယင်းအပေါ်တွင် အခြေခံ ပြဋ္ဌာန်းကြပါသည်။

အဓိက ထောက်ခံအကြံပြုချက်များ

- PEP အတွက် အကြံပြုချက်များမှာ-

  » လူကြီးများတွင်- HIV ကုသသောဆေးများဖြစ်သည့် Tenofovir ကို lamivudine (3TC) သို့မဟုတ် emtricitabine (FTC) နှင့်အခြေခံထား တွဲစပ်၍ အခြား တမျိုးပေါင်း တိုက်ကျွေးခြင်းဖြစ်ပါသည်။ တတိယ ဆေးအဖြစ် ritonavir-boosted lopinavir (LPV/r) ကိုလည်း ထောက်ခံ အကြံပြုပါသည်။

  » ကလေးများ တွင်- အသက် ၁၀ နှစ်နှင့် အောက် ကလေးများတွင် Zidovidune (AZT) နှင့် lamivudine (3TC) တို့ကို အခြေခံထားပြီး ritonavir-boosted lopinavir (LPV/r) ကို တတိယဆေးအဖြစ် ပေါင်းစပ်တိုက်ကျွေးပါသည်။

အထက်ပါ ကာကွယ်ကုထုံးများကို HIV ရောဂါပိုးနှင့် ထိတွေ့နိုင်ချေ ဖြစ်ပေါ်ပြီး ၇၂ - နာရီအတွင်း စတင် တိုက်ကျွေးပြီး ၂၈ ရက် ဆေးပတ်လည်အောင် တိုက်ကျွေးရပါသည်။

ရောဂါပိုးသန့်စင်ခြင်း (Disinfection)

ဆေးရုံသုံးပစ္စည်းကိရိယာများရှိ ရောဂါပိုးများကို အပူပေးခြင်းဖြင့် လည်းကောင်း၊ ဓာတုဆေးရည် (ပိုးသတ် ဆေးရည်) သုံးစွဲ၍ လည်းကောင်း သန့်စင်နိုင်ပါသည်။

(က) အပူပေး၍ ပိုးသန့်စင်ခြင်း (Pasteurization)
အပူ(သို့မဟုတ်) ရေနွေးငွေ့ခံနိုင်ရည်ရှိသော ပစ္စည်းကိရိယာများအား ရေနွေးငွေ့ဆူဆူတွင် ထည့်ကာ ပိုးသတ်သန့်စင်စေခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ အပူချိန် အနိမ့်အမြင့်၊ ပစ္စည်းနှင့်ထိတွေ့ချိန် ကာလပေါ် မူတည်၍ ရောဂါပိုးသတ်ခြင်းဖြင့် ပိုးသန့်စင်စေခြင်းကို အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရပါမည်။

အပူပေး၍ ပိုးသန့်စင်ခြင်းအတွက်လိုအပ်သော Surface-temperature (ဒီဂရီစင်တီဂရိတ်)နှင့်အချိန်

Surface-temperature (ဒီဂရီစင်တီဂရိတ်)	ပိုးသတ်ရမည့်အချိန်ကာလ(မိနစ်)
၉၀	၁
၈၀	၁၀
၇၅	၃၀
၇၀	၁၀၀

(ခ) ဓာတုပစ္စည်းသုံးစွဲ၍ ပိုးသန့်စင်ခြင်း
ပိုးသန့်စင်နိုင်သည့် ဓာတုပစ္စည်းများ (Chemical Disinfectants) ၏ ထိရောက်မှုသည် ပိုးသန့်စင်မည့် ပစ္စည်းမျက်နှာပြင်ပေါ်ရှိသော Organic သို့မဟုတ် Inorganic ပစ္စည်းများ၊ ပိုးမွှားအရေအတွက်ပမာဏနှင့် ရောဂါပိုးမွှား၏ ခံနိုင်စွမ်းရည် ရှိမှု/မရှိမှု၊ ဓာတုသန့်စင်ပစ္စည်းနှင့် ထိတွေ့ချိန်ကာလ၊ ဓာတုသန့်စင်ပစ္စည်း၏ ပါဝင်နှုန်းထား၊ အပူချိန်နှင့် pH များအပေါ်တွင် မူတည်ပါသည်။ ဓာတုပစ္စည်း ပိုးသန့်စင်ခြင်းတွင်လည်း အဆင့်သုံးဆင့် ခွဲခြား၍ ပိုးသန့်စင်ခြင်း ဆောင်ရွက်နိုင်ပါသည်။

ဓာတုပစ္စည်းသုံးစွဲ၍ ပိုးသန့်စင်ခြင်းအဆင့်များ

ပိုးသတ်ဆေးရွေးချယ်သုံးစွဲခြင်း
ပိုးသန့်စင်ခြင်းအတွက် အကောင်းဆုံးပိုးသတ်ဆေးဟူ၍မရှိပါ။ မိမိရည်မှန်းဆောင်ရွက်သော လုပ်ငန်းပေါ်မူတည်၍ ပိုးသန့်စင်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို အသုံးပြုလေ့ရှိပါသည်။ မိမိတို့ ဆေးခန်းများတွင် ရရှိနိုင် သော ဆေးများကို အသုံးပြုခြင်းသည်သာ လက်တွေ့အကျဆုံးဖြစ်ပါသည်။ ပိုးသတ်ဆေး (Disinfectants) များ တစ်ခုချင်းအား မသုံးစွဲမီ ထုတ်လုပ်သည့် ကုမ္ပဏီ၏ ညွှန်ကြားချက်များ ဖတ်ရှုပြီးမှသာ သုံးသင့်ပြီး စည်းကမ်းသတ်မှတ်ချက်အတိုင်း သိမ်းဆည်းရမည် ဖြစ်ပါသည်။

အသုံးများသည့် ပိုးသန့်စင်ဆေးများ

ပိုးသန့်စင်ဆေး	အသုံးပြုပုံ	သတိထားဆောင်ရွက်ရန်
Sodium hypochlorite 1% အရည် (သို့မဟုတ်) 5% အရည်ကို ရေ ၅ ဆ ဆေးရည် ၁ ဆ ရောရန်	သွေးနှင့်ခန္ဓာကိုယ်မှ ထွက်သည့် အရည်များ ပေကျံသည့် ပစ္စည်းကိရိယာများ ပိုးသန့်စင်ရာတွင် သုံးသည်။	• လေဝင်လေထွက်ကောင်းသည့် နေရာတွင် ထားရှိသုံးစွဲရန်။ • ၁% ဆေးရည်ကို ကိုင်တွယ်ပါက လက်အိတ်နှင့် ကိုင်တွယ်ရန်။ • ပြင်းသော အက်ဆစ်နှင့်ရောနှော သုံးစွဲခြင်း လုံးဝမပြုရ၊ သုံးမိပါက ကလိုရင်း အဆိပ်ငွေ့ ဖြစ်တတ်သည်။ • သတ္တုဖြင့် ပြုလုပ်ထားသော ခွဲစိတ်ပစ္စည်းကိရိယာများအား ပျက်စီး (စား) စေသည်။
Bleaching Powder 7 g/L ဖျော်ပုံ ဖျော်နည်းများကို ဇယား (၅) တွင် ကြည့်ရန်	အိမ်သာနှင့် ရေချိုးခန်းများတွင် သုံးစွဲ နိုင်သည်။ အမှုန့်မရှိက အရည်သုံးစွဲ နိုင်သည်။	• လေဝင်လေထွက်ကောင်းသည့် နေရာတွင် ထားရှိသုံးစွဲရန်၊ • ၁% ဆေးရည်ကို ကိုင်တွယ်ပါက လက်အိတ်နှင့် ကိုင်တွယ်ရန်၊ • ပြင်းသောအက်ဆစ်နှင့်ရောနှောသုံးစွဲခြင်း လုံးဝမပြုလုပ်ရ၊ သုံးမိပါက ကလိုရင်း အဆိပ်ငွေ့ဖြစ်တတ် သည်။ • သတ္တုဖြင့် ပြုလုပ်ထားသော ခွဲစိတ်ပစ္စည်းကိရိယာများ ပျက်စီး (စား) စေသည်။
70% Alcohol Isopropyl, ethyl alcohol (Ethanol), Methylated spirit	• ချောမွေ့သော သတ္တုဖြင့် ပြုလုပ်ထားသော မျက်နှာပြင်နှင့် စားပွဲများ ပေါ်တွင် Bleach ကို မသုံးရပါ။	• မီးတောက်လောင်လွယ်ပြီး အဆိပ်သင့်စေနိုင်သောကြောင့် လေဝင် လေ ထွက်ကောင်းသော နေရာတွင်သာ အသုံးပြုရန်? • ရှူရှိုက်ခြင်း မပြုလုပ်ရ။ • အပူရှိသောနေရာ လျှပ်စစ်ပစ္စည်းကိရိယာများ၊ မီးတောက်များ၊ ပူသော နေရာများမှ ဝေးဝေးတွင် သာထားပါ။ • Diathermy သုံးစွဲရာတွင် ပိုးသတ်ဆေးရည် မခြောက်သွေ့မီ သုံးစွဲပါက ရရှိနိုင်သည်။

သတိပြုရန်။ ပုံမှန်နှင့်အထွေထွေ ပိုးသန့်စင်မှုအားလုံးအတွက် ပိုးသန့်စင်ရည် (Neutral detergent) နှင့် ရေနွေးကို အသုံးပြုသင့်သည်။ ပိုးသန့်စင်ဆေးရည် တစ်မျိုးကိုသုံး၍ မျက်နှာပြင်သန့်စင်မှုပြုရန် လိုအပ်သောအခါ (ဥပမာ – သွေးနှင့် ခန္ဓာကိုယ်မှထွက်သည့် အရည်များနှင့် ထိတွေ့မိခြင်း သို့မဟုတ် ဖိတ်စင်ခြင်း) ထုတ်လုပ်သူ၏ သုံးစွဲပုံအညွှန်းအတိုင်းလိုက်နာ ဆောင်ရွက်ရမည်။ လုပ်ငန်းခွင် ကျန်းမာရေးနှင့် လုံခြုံမှု ညွှန်ကြား ချက်များအတိုင်း လိုက်နာရမည်။

ပိုးသန့်စင်ဆေး	အသုံးပြုပုံ	သတိထားဆောင်ရွက်ရန်
Chlorhexidine (alcohol သို့မဟုတ် detergents ရောထားသည်)	Antiseptic အဖြစ် အရေပြားနှင့် mucous membrane မခွဲစိတ်မည့် အရေပြားအား သန့်စင်ခြင်း၊ လက်ကို ပိုးသန့်စင်ခြင်းများ အတွက် ပိုးသန့်စင်ခြင်းများအတွက် သုံးနိုင်သည်။	• ဆပ်ပြာနှင့် ရောမသုံးရ။ • အဆိပ်သင့်မှု ဖြစ်နိုင်ခြေ နည်းသည်။ • ဦးနှောက်အမြှေး၊ မျက်စိ၊ နားအတွင်းပိုင်းနှင့် မထိစေရ။
Quaternary ammonium Compounds (Chlorhexidine အရည်ဖြင့်ရော၍ သုံးစွဲနိုင်သည်။)	Antiseptic အဖြစ် ညစ်ပေနေသော အနာများဆေးကြော ရာတွင် သုံးသည်။	• အဆိပ်သင့်မှု ဖြစ်နိုင်ခြေ နည်းသည်။ • အရည်ရောခြင်းကြောင့် အားပျော့ ပါကညစ်ညမ်းမှုနှင့် Gram Negative Bacteria များ ပေါက်ဖွား စေနိုင်သည်။ • မှန်ကန်သောပြင်းအား နှင့်လူနာတစ်ဦး အတွက် လုံလောက်အောင်သာ ဖျော်စပ်သုံးစွဲရမည်။ • သုံးစွဲပြီးတိုင်း အကျန်ကို စနစ်တကျ စွန့်ပစ်ရမည်။ • သိုလှောင်ပုလင်းသို့ ထပ်မထည့်ရ။

မှတ်သားရန်။ Hypochlorite solution – အချို့သော စွမ်းအားအရင်းအမြစ်လျော့နည်းသော အခြေအနေတွင် Hypochlorite သည် တစ်ခုတည်းသော ရရှိနိုင်သည့် ပိုးသတ်ဆေးရည်ဖြစ်သည်။ Hypochlorite solution ကို ရိုးရိုးရေဖြင့် သင့်လျော်သော ပြင်းအား 0.5 %, 1% နှင့် 2% အရည်များ ဖျော်စပ်ကာ သုံးစွဲရမည်။

Hypochlorite ဆေးရည်ပြင်းအား ၀.၅ %, ၁ % နှင့် ၂% အဖြစ် ဖျော်စပ်နည်းများ

ထုတ်ကုန်ပစ္စည်း	ပါဝင်သော ကလိုရင်း ပမာဏ ရာနှုန်း	၀.၅ % ဆေးရည်အဖြစ် ဖျော်စပ်ရန်ရေ အချိုး	၁ % ဆေးရည် အဖြစ် ဖျော်စပ် ရန် ရေအချိုး	၂ % ဆေးရည် အဖြစ် ဖျော်စပ်ရန် ရေအချိုး
Sodium hypochlorite Solution (liquid bleach)	၃.၅ %	ဆေးရည် ၁ဆ နှင့် ရေ ၆ ဆ	ဆေးရည် ၁ ဆ နှင့် ရေ ၂.၅ ဆ	ဆေးရည် ၁ ဆ နှင့် ရေ ၀.၇ ဆ
Sodium hypochlorite solution (liquid bleach)	၅ %	ဆေးရည် ၁ ဆ နှင့် ရေ ၉ ဆ	ဆေးရည် ၁ ဆ နှင့် ရေ ၄ ဆ	ဆေးရည် ၁ ဆ နှင့် ရေ ၁.၅ ဆ
Chloramine powder ဆေးမှုန့်	၂၅ %	ဆေးမှုန့် ၂၀ ဂရမ် အား ရေတစ်လီတာတွင် ဖျော်ရန်	ဆေးမှုန့် ၄၀ ဂရမ် အား ရေတစ်လီတာတွင် ဖျော်ရန်	ဆေးမှုန့် ၈၀ ဂရမ် အား ရေတစ်လီတာတွင် ဖျော်ရန်

မှတ်သားရန်။ ကလိုရင်းဆေးမှုန့်ရည်များသည် ဖျော်စပ်ပြီးပါက အာနိသင် အလျင်အမြန်လျော့နည်းနိုင်သဖြင့် နေ့စဉ် လတ်လတ်ဆတ်ဆတ်ဖျော်၍ သုံးစွဲရမည်။ ဖျော်ထားပြီး ညစ်ညမ်းခြင်း၊ အနည်ထိုင်ခြင်းများဖြစ်ပေါ်ပါက မသုံးစွဲသင့်ပါ။ သတ္တုထည် ပစ္စည်းကိရိယာများအား ပျက်စီးစေနိုင်သဖြင့် သုံးစွဲပြီးပါက ရေများများနှင့် ၁၀ မိနစ် ခန့်သေသေချာချာဆေးကြောရမည်။

အရေပြားပိုးသန့်စင်ရန် အသုံးများသည့် ပိုးသန့်စင်ဆေးများ

အရေပြားပိုးသန့်စင်ရန် အတွက် အောက်ပါတို့မှ မိမိအတွက် အဆင်ပြေသော၊ ရရှိနိုင်သော သန့်စင်ဆေး များကို အသုံးပြုနိုင်ပါသည်။

1. Alcohol based solutions of iodine and chlorhexidine.
2. Alcohols (60–90% ethyl, isopropyl or “methylated spirits”)
3. Chlorhexidine gluconate (2–4%)
4. Iodine (3%) aqueous iodine and alcohol containing products.
5. Iodophors (7.5–10%), various other concentrations (e.g., Betadine)
6. Chloroxylenol (Para–chloro–meta xylenol or PCMX) (0.5–3.75%), various other concentrations (e.g., Dettol®)

ပြန်လည်အသုံးပြုမည့် ပစ္စည်းများ ဆေးကြောခြင်းနှင့်ပိုးသန့်စင်နည်းများ

အသုံးပြုပြီးသည့် ရေဂါကူးစက်မှုကာကွယ်ပစ္စည်းများ (Used Personal Protective Equipment)

ပစ္စည်းအမျိုးအမည်	ဆောင်ရွက်ရမည့်နည်းလမ်း	မှတ်ချက်
N95(သို့မဟုတ်) ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း(တစ်ခါသာသုံးစွဲရန်)		Hospital Waste Management Guideline
Goggles (မျက်စိကာ) သို့မဟုတ် မျက်နှာကာ Face Shield (တစ်ခါသုံး အဖြစ် သုံးစွဲနိုင်ပါက အသင့်လျော်ဆုံးဖြစ်သည်။)	ပြန်လည် သုံးစွဲလိုပါက ရေသို့မဟုတ် Detergent နှင့် ဆေးကြောပြီး အ ခြောက်ခံပါ။ ၇၀% အယ်လ်ကိုဟော ပိုးသန့်စင်ဆေးရည် သို့မဟုတ် ၁% ဟိုက်ပိုကလိုရိုဒ် ဆေးရည်တွင် မိနစ် ၂၀ ခန့် စိမ်ထားခြင်း ပြုလုပ်ရမည်။ ခြောက်သွေ့မှသာ ပြန်လည်သုံးစွဲရ မည်။	တစ်ခါသုံးဖြစ်ပါကဆေးရုံ၏ Hospital Waste Management Guideline အတိုင်း စွန့်ပစ်ပါ။
Gown ခေါ် ဝတ်ရုံ (တစ်ခါသုံး အဖြစ် သုံးစွဲနိုင်ပါက အကောင်းဆုံး ဖြစ်သည်။)	ပြန်လည်သုံးစွဲလိုပါက ဦးစွာ လျှော်ဖွပ် ရာတွင် ဦးစွာ ၇၀-၈၀ ဒီဂရီစင်တီဂ ရိတ် အထိ ပူနေသော ရေနွေးတွင် စိမ်၍ လျှော်ဖွပ်ခြင်း (သို့) ဖြစ်နိုင်ပါက ၀.၅ % ဟိုက်ပိုကလိုရိုဒ် အရည်တွင် နာရီဝက်ခန့်စိမ်ရမည်။ ရေဖြင့်ပြန်လည် ဆေးကြောရ မည်။	တစ်ခါသုံးဖြစ်ပါက ဆေးရုံ၏ Hospital Waste Management Guideline နည်းအတိုင်း စွန့်ပစ်ပါ။ ပြန်လည်သုံးစွဲမည့် Gown အား နေပူတွင် ခြောက်သွေ့အောင် လှမ်း ရမည်။ အခြောက်ခံစက်ရှိပါက အခြောက် ခံစက်ဖြင့် အခြောက်ခံရမည်။
Apron ခေါ် ရှေ့အကာ (တစ်ခါသုံး ပစ္စည်းသုံးစွဲနိုင်ပါက အကောင်းဆုံး ဖြစ်ပါသည်။)	ပြန်လည်သုံးစွဲလိုပါက ဦးစွာ Detergent နှင့် ရေဖြင့် ဆေးကြောသန့်စင်ပြီး အခြောက်ခံပါ။ ၇၀ အယ်လ်ကိုဟောဖြင့် ပိုးသန့်စင်ရမည်။	တစ်ခါသုံးဖြစ်ပါက ဆေးရုံ၏ Hospital Waste Management Guideline နည်းအတိုင်းစွန့်ပစ်ပါ။

Cap and shoe cover (ခေါင်းစွပ်နှင့်ဖိနပ်စွပ်) (တစ်ခါသုံးပစ္စည်းသုံးစွဲနိုင်ပါက အကောင်းဆုံးဖြစ်သည်။)	ပြန်လည်သုံးစွဲလိုပါက ဦးစွာ လျှော် ဖွပ်ဆေးကြော သန့်စင်ပြီး အခြောက်ခံကာ ၀.၅% ဟိုက်ပိုကလိုရိုဒ် အရည်တွင် နာရီဝက် စိမ်ပြီး သင့်လျော်သော detergent သို့မဟုတ် ရေများများဖြင့် ထပ်မံဆေးကြော ပိုးသန့်စင်ရမည်။	တစ်ခါသုံးဖြစ်ပါက ဆေးရုံ၏ Hospital Waste Management Guideline နည်းအတိုင်း စွန့်ပစ်ပါ။ • ပြန်လည်သုံးစွဲမည့် cap & shoe Cover အား နေပူတွင် ခြောက်သွေ့အောင် လှမ်းရမည်။ အခြောက်ခံစက်ဖြင့် အခြောက်ခံရမည်။
(လက်အိတ်) (တစ်ခါသုံးသာ သုံးစွဲရန်)		Waste Management Guideline အတိုင်းစွန့်ပစ်ပါ။
Reusable boots (ပြန်လည်သုံးစွဲမည့် ဖိနပ်ရှည်)	Detergents နှင့် ရေဖြင့် ခြောက်ခံ ပြီး ၇၀% အယ်လ်ကိုဟော ပိုးသန့်စင်ဆေးရည်ဖြင့် သန့်စင် ရမည်။	

လူနာကုသမှုပစ္စည်းများ

(ဆေးထိုးအပ်၊ ဆေးထိုးပိုက်၊ ခွဲစိတ်ကိရိယာနှင့် ဓာတ်ခွဲစမ်းသပ်ပစ္စည်းကိရိယာများ)

ပစ္စည်းအမျိုးအမည်	ဆောင်ရွက်ရမည့်နည်းလမ်း	မှတ်ချက်
ဆေးထိုးအပ်၊ ဆေးထိုးပိုက်များ (တစ်ခါသုံးသာ သုံးစွဲရန်)	နိုင်ငံတကာ အသိအမှတ်ပြုဇီဝအမှတ် အသားပါ စွန့်ပစ်ပုံး (Puncture Proof Container) ထဲသို့စွန့်ပစ်ရမည်။	Injection safety boxes များကဲ့သို့စက္ကူပုံးများကို ၃ ပုံ ၂ ပုံ ပြည့်သည်နှင့် လုံခြုံအောင် ပိတ်၍ မီးရှို့ဖျက်ဆီးရမည်။ (Safety boxes များအား လုံခြုံသောနေရာတွင် စုထားပြီးမှ တစ်ကြိမ်တည်း မီးရှို့သည့်စနစ် သုံးနိုင်သည်။)
နားကြပ်၊ သွေးပေါင်ချိန်ကိရိယာ	Detergent ပိုးသန့်စင်ဆေးနှင့် ရေဖြင့် သန့်စင်ပြီး အခြောက်ခံရမည်။ ၁ % မှ ၂% ဟိုက်ပိုကလိုရိုဒ် အရည် သို့မဟုတ် ၇၀% ပြင်းအားရှိသော အယ်လ်ကိုဟော သုံးနိုင်ပါသည်။	လူနာတစ်ယောက်အသုံးပြုပြီး တိုင်းဆောင်ရွက်သင့်သည်။
သွေးပေါင်ချိန်သော လက်ပတ်အဝတ်	ဆပ်ပြာ၊ ရေနှင့် ဆေးကြောကာ သင့်လျော်သော ပိုးသန့်စင်ဆေး တစ်မျိုးမျိုးဖြင့် သန့်စင်ရမည်။ ဆေးကြော၍ မရပါက ၁% မှ ၂ % ဟိုက်ပိုကလိုရိုဒ် အရည် သို့မဟုတ် ၇၀% ပြင်းအား အယ်လ်ကိုဟောရည် ုတ်လိမ်း အခြောက်ခံရမည်။	လျော်ပြီးတိုင်းနေပူတွင်လှမ်းရမည်။ • သီးသန့်ခန်းအတွက် အခန်းတွင်းလူနာဆေးရုံမှ ဆင်းသည်အထိသီးခြားထားရှိပြီးစနစ်တကျ ပိုးသန့်စင်ရမည်။

ပစ္စည်းကိရိယာများ	အားလုံးသော ပရိုတင်း၊ Organic Inorganic ပစ္စည်း (သွေးနှင့် ခန္ဓာကိုယ်မှ ထွက်သောအရည်) များကို ဆပ်ပြာနှင့် ရေကို အသုံးပြု၍ သန့်စင်ရမည်။ သင့်တော်သော သန့်စင်မှု ပြန်လည် ပြုလုပ်ရန် ပိုးသန့်စင်ဌာနသို့ ပြန်လည် ပေးပို့ရမည်။	
Ambu bag and mask	Detergent တစ်မျိုးမျိုးဖြင့် သန့်စင်စေပြီး အခြောက်ခံကာ သင့်လျော်သော Sterilization နည်းဖြင့် ပိုးသန့်စင်စေရမည်။	မျက်နှာဖုံး (Mask) ကို လူနာတစ်ဦးလျှင် တစ်ခုနှုန်း သုံးသင့်သည်။

ကူးစက်လူနာခန်းဆောင်ရှိ ပရိဘောဂများ(စားပွဲ၊ ခုတင်၊ လူနာဗီရိုငယ်၊ တွန်းလှည်းစသည်ဖြင့်)

ပစ္စည်းအမျိုးအမည်	ဆောင်ရွက်ရမည့်နည်းလမ်း	မှတ်ချက်
ပရိဘောဂများ– လူနာခုတင်၊ လူနာစမ်းသပ်ခုံ၊ ခုံတန်းရှည်များ၊ စားပွဲ၊ ကုလားထိုင်များ၊ လက်တွန်းလှည်း၊ Drip stand	ပိုးသတ်ဆေးရည်နှင့်ရေဖြင့် သန့်စင်ပြီး ခြောက်သွေ့အောင် ထားရမည်။ ၇၀% အယ်လ်ကိုဟော (သို့မဟုတ်) ၁%ဟိုက်ပိုကလိုရိုဒ် အရည်လည်း သုံးစွဲနိုင်သည်။	ပတ်ဝန်းကျင်သန့်ရှင်းရေးကိုလည်း ဂရုပြုကြရမည်။
မွေ့ယာ၊ ခေါင်းအုံးများ(ပြင်ပမှ ပလတ်စတစ်စဖြင့် အမြဲဖုံးအုပ် ထားရမည်)	ပိုးသတ်ဆေးရည်နှင့် ရေဖြင့် သန့်စင်ပြီး ခြောက်သွေ့အောင် ထားရမည်။ ၇၀ % အယ်လ်ကိုဟော (သို့မဟုတ်)၁% ဟိုက်ပိုကလိုရိုဒ်ဆေးရည်လည်းသုံးစွဲနိုင်သည်။	ပျက်စီးသွားသော မွေ့ယာခေါင်းအုံးများကို စွန့်ပစ်ပါ။ ခေါင်းအုံး၊ မွေ့ယာအစွပ် စုတ်ပြဲပါကလဲလှယ်ပါ။ (ဆေးရုံက ချမှတ်ထားသော လမ်းညွှန်မှုအတိုင်း ဆောင်ရွက်ပါ။)
တယ်လီဖုန်း၊ ဆေးတင်တွန်းလှည်း၊ ခွဲစိတ်ပစ္စည်းတွန်းလှည်း	ပိုးသတ်ဆေးရည်နှင့် ရေဖြင့် သန့်စင်ပြီး ခြောက်သွေ့အောင် ထားရမည်။ ၇၀% အယ်လ်ကိုဟောဖြင့် နေ့စဉ်ပိုးသန့်စင်ပါ။	
အသက်ရှူအားကူစက် (Ventilator) ခွဲစုပ်စက် (Suction Machine) နှင့် နှာခေါင်းအုပ်ကိရိယာ (Mask)	စက်ပစ္စည်းကို ပိုးသတ်ဆေးရည်နှင့် ရေဖြင့်ဆေးကြောပါ။ အခြောက်ခံပြီးနောက် ၇၀% အယ်လ်ကိုဟောဖြင့် နေ့စဉ်ပိုးသန့်စင်ပါ။ ဆန်ကာစစ်များရှိက တစ်ခါသုံးအဖြစ်သာ သုံး၍ စနစ်တကျစွန့်ပစ်ပါ။ နှာခေါင်း အုပ်ကိရိယာ (Mask) များကို နေ့စဉ် ဆေးကြော သန့်စင်ပေးပါ။	နှာခေါင်းအုပ်ကိရိယာကို လူနာတစ်ဦးလျှင် တစ်ခုနှုန်းသုံးစွဲပါ။ ပလတ် စတစ်ပိုက်အဆက်နှင့် ဆန်ကာစစ်များကို ၄၈ နာရီ တစ်ကြိမ် လဲလှယ်ပါ။

လူနာခန်းဆောင် ပိုးသန့်စင်ခြင်း

ပစ္စည်းအမျိုးအမည်	ဆောင်ရွက်ရမည့်နည်းလမ်း	မှတ်ချက်
ကြမ်းပြင်	ပိုးသတ်ဆေးနှင့် ရေကို အသုံးပြု၍ ရေပတ်အဝတ်ဖြင့် ကြမ်းတိုက်ပါ။	တစ်နေ့နှစ်ကြိမ် ကြမ်းတိုက်ရမည်။ လိုအပ်ပါက နှစ်ကြိမ်ထပ်ပို၍ တိုက်ရမည်။
ဖိတ်စင်ကျနေသော သွေး၊ အညစ်အကြေးများ	စက္ကူပုဝါ (သို့မဟုတ်) ပြန်လည်အသုံးပြုနိုင်သော အဝတ်စဖြင့် ပွတ်တိုက်ရမည်။ ပိုးသတ်ဆေးရည်နှင့် ရေဖြင့် သန့်ရှင်းမှုပြုလုပ်ပြီး အခြောက်ခံပါ။	စက္ကူပုဝါအား စနစ်တကျ စွန့်ပစ်ရန်၊ ပြန်လည်သုံးစွဲမည့် အဝတ်ဖြင့်သုံးပါက လျှော်မည့် သီးခြားပုံးထဲထည့်ရန်။
အိမ်သာ	ရေ၊ ပိုးသတ်ဆေးများဖြင့် နေ့စဉ်ဆေးကြောရန်နှင့် ခြောက်သွေ့အောင်ထားရန်၊ ၁ % / ၂ % ဟိုက်ပိုကလိုရိုဒ် ပိုးသတ်ဆေးရည် သုံးစွဲရန် ဖြစ်သည်။	လက်ကိုင်ရှည်ပါသော ပွတ်တိုက်သည့် ကိရိယာသုံးစွဲရန်၊ ၎င်းကိရိယာအား လူအမများနှင့် ဝေးသောနေရာတွင် ထားရန်။

နေရောင်ခြည် ဖြင့် ပိုးသတ်ခြင်း

နေရောင်ခြည်တွင် ပါဝင်သော ခရမ်းလွန်ရောင်ခြည်ကလည်း ပိုးမွှားများသေစေနိုင်ပါသည်။ အချို့သော နိုင်ငံများတွင် သောက်ရေအတွက် ရေထည့်ထားသော ပလပ်စတစ်ဗူးများကို နေရောင်တွင် ၆ နာရီ ခန့်လှန်းခြင်းဖြင့် ပိုးသတ်သန့်စင်အသုံးပြုကြပါသည်။ ပရိဘောဂများ၊ ဆေးကြောထားသော ဆေးခန်းသုံးပစ္စည်းကိရိယာများ၊ အဝတ်အထည်များကို နေလှန်းအခြောက်ခံခြင်းဖြင့် ပိုးသတ်သော အာနိသင်ကိုလည်း ရရှိစေနိုင်ပါသည်။ သို့သော် နေလှန်းခြင်းသက်သက်ဖြင့် ပိုးသတ်သန့်စင်မှု ပြုလုပ်ရန်မူ မသင့်လျော်ပါ။

ဆေးခန်းမှထွက်သော အမှိုက်များနှင့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်း

(၁) အမှိုက်စွန့်ပစ်ပစ္စည်းတည်ရှိရာပင်ရင်းများ (Sources of Waste)

- ဆေးခန်း ပတ်ဝန်းကျင် (Hospital Environment)
- ဆေးခန်းတွင်းမှ အခန်းများ (စောင့်ဆိုင်းခန်း၊ စမ်းသပ်ခန်း၊ ဓာတ်ခွဲခန်း၊ ဆေးစတိုစသည်ဖြင့် ...)

(၂) အမှိုက်နှင့်စွန့်ပစ်ပစ္စည်းအမျိုးအစားခွဲခြားသတ်မှတ်ခြင်း (Type of Waste)

1. အန္တရာယ်မဖြစ်နိုင်သောအမှိုက်စွန့်ပစ်ပစ္စည်းများ (Non-hazardous waste) ဥပမာ-စက္ကူ၊ ပလတ် စတစ်အိတ်၊ ပလတ်စတစ်ဗူးခွံ၊ စားကြွင်းစားကျန်များနှင့်
2. အန္တရာယ်ဖြစ်စေနိုင်သော စွန့်ပစ်ပစ္စည်းများ (Hazardous and Clinical) ၂ မျိုးခွဲခြားနိုင်သည်။

- ရောဂါပိုးကူးစက်မှုအထူးအန္တရာယ်ရှိ ချွန်ထက်သောစွန့်ပစ်ပစ္စည်းများ (Sharp waste)
  - » Needle, Blades, contaminated broken glass, Blood Tubes.
- ရောဂါပိုးကူးစက်နိုင်သော အမှိုက်နှင့်စွန့်ပစ်ပစ္စည်း (Infectious Waste)
  - » Apron, Gauze, Blade, Gown, Pad, Contaminated with Blood, Body secretion, Excretion
- ဓာတုစွန့်ပစ်ပစ္စည်းများ (Chemical Waste)
  - » Reagent, Corrosive or Explosive Chemical, Acid, Solvent
- ဆေးဝါးစွန့်ပစ်ပစ္စည်းများ (Pharmaceutical Waste)
  - » ဆေးပုလင်းခွံများ၊ သက်တမ်းကုန်ဆေးဝါးများ
- ရောဂါဗေဒစွန့်ပစ်ပစ္စည်းများ (Pathological waste)
  - » Tissue, Specimen
- ခန္ဓာကိုယ်အပိုင်းအစ စွန့်ပစ်ပစ္စည်းများ (Anatomical waste)
  - » Organ, Body parts

(၃) အမှိုက်နှင့်စွန့်ပစ်ပစ္စည်းများခွဲခြားထားသိုခြင်း (Separation)

1. အန္တရာယ်ဖြစ်စေနိုင်သောအမှိုက်၊ စွန့်ပစ်ပစ္စည်းများနှင့် အန္တရာယ်မဖြစ်စေနိုင်သော အမှိုက်၊ စွန့်ပစ် ပစ္စည်း တို့ကို အလွယ်တကူ ခွဲခြားသိရှိနိုင်ရန် ထားသိုရမည်။
2. အထွေထွေသုံးအမှိုက်စိုများအား အမဲရောင် ပလတ်စတစ်အိတ်စွပ်ထားသော အမှိုက်ပုံးတွင် လည်းကောင်း၊ အထွေထွေသုံးအမှိုက်ခြောက်များအား အစိမ်းရောင်ပလတ်စတစ် အိတ်စွပ်ထားသော အမှိုက်ပုံးတွင်သော်လည်းကောင်း၊ ရောဂါပိုးကူးစက်မှုအန္တရာယ်ရှိ အမှိုက်နှင့် ပြတ်ရှစွန့်ပစ်ပစ္စည်းများအား အဝါရောင်ပလတ်စတစ်အိတ် စွပ်ထားသော အမှိုက်ပုံးတွင် လည်းကောင်း၊ ရောဂါပိုး အထူးကူးစက်မှု အန္တရာယ်ရှိသော အမှိုက်များနှင့် စွန့်ပစ်ပစ္စည်းများအား အနီရောင် ပလတ်စတစ်အိတ် စွပ်ထားသော အမှိုက်ပုံးတွင်လည်းကောင်း စသည်ဖြင့် သတ်မှတ်ထားသော အမှိုက်ပုံးများတွင် စွန့်ပစ်ရမည်။
3. ဆေးထိုးအပ်များကို မပေါက်ပြဲနိုင်သည့် ပလတ်စတစ်အမာ (သို့) သံ၊ သွပ်ပုံးတို့တွင် ထားသိုရမည်။ အမှိုက်ပုံး (၄)ပုံ (၃)ပုံ ပြည့်ပါက အဖုံးလုံအောင် ပိတ်ထားရမည်။

4. အမှိုက်ပုံးနှင့် အမှိုက်အိတ်အရွယ်အစားတို့သည် မိမိဆေးရုံ/ဆေးခန်း၏တစ်နေ့ (သို့မဟုတ်) အချိန် အလိုက် ထွက်ရှိစွန့်ပစ်မည့် ပမာဏနှင့် ချိန်ဆထားရှိရမည်။
5. ဝန်ထမ်းများအားလုံး လူနာနှင့်လူနာစောင့်များအား အမှိုက်များကို အမျိုးအစား အလိုက်စုဆောင်းသည့် အလေ့အကျင့်များရရှိအောင် စည်းရုံးဆောင်ရွက်ရမည်။

စနစ်တကျသယ်ဆောင်ခြင်း (Transport)

1. အမှိုက်နှင့်စွန့်ပစ်ပစ္စည်းများကို ထားသိုသည့်နေရာမှ ယာယီထိန်းသိမ်းမည့်နေရာ(သို့) စွန့်ပစ်မည့်နေရာ သို့ သီးခြားတာဝန်ပေးအပ်သော ဝန်ထမ်းမှ စနစ်တကျသယ်ဆောင်ရမည်။
2. သယ်ဆောင်သူသည် ဖြစ်ပွားစေနိုင်သည့် အန္တရာယ်အမျိုးမျိုးနှင့် ပတ်သက်၍ ကျန်းမာရေး အသိပညာ ရရှိထားပြီးသူဖြစ်ရမည်။
3. ရောဂါကူးစက်မှုထိခိုက်အန္တရာယ်ကို ကာကွယ်စေနိုင်သည့် အသုံးအဆောင်ပစ္စည်းများ (လက်အိတ်၊ လည်ရှည်ဖိနပ်၊ Apron, Mask) ဝတ်ဆင်ရမည်။
4. အမှိုက်အိတ်များအား လုံခြုံစွာထုပ်ပိုး၍ လူကိုယ်တိုင် မ ၍ (သို့မဟုတ်) ဘီးတပ်ယာဉ် (သို့မဟုတ်) တွန်းလှည်းတို့ဖြင့် သယ်ယူရမည်။
5. လမ်းတလျှောက် အမှိုက်အစအနများ လွင့်စင်မကျအောင် စနစ်တကျ သယ်ဆောင်ရမည်။
6. သယ်ဆောင်ရာတွင် လူနာများကို အနှောင့်အယှက်မဖြစ်စေရ။

ယာယီသိမ်းဆည်းသည့်နေရာ (Storage)

1. တိုက်ရိုက်စွန့်ပစ်နိုင်ခြင်း မရှိသေးပါက ယာယီသိမ်းဆည်းမည့်နေရာအား သတ်မှတ်ပြီး အများသိစေရန် ဆိုင်းဘုတ်ရေးသားထားရမည်။ ရောဂါပိုးကူးစက်မှုအန္တရာယ်ရှိသည်ဟု သတိပေး အမှတ်တံဆိပ် (Biohazard symbol) ကပ်ထားရမည်။
2. ယာယီသိမ်းဆည်းသည့်နေရာသည် လူအများသွားလာသည့်နေရာမဖြစ်စေရ၊ သီးခြားနေရာဖြစ်ရမည်။
3. တိရိစ္ဆာန်များ (ကြွက်၊ ခွေး စသည်) မဝင်ရောက်နိုင်ရန် အတားအဆီးများ ထားရှိရမည်။
4. အမှိုက်နှင့် စွန့်ပစ်အိတ်များ ထွက်ရှိသည့် နေရာ/ဌာန၊ အမှတ်အသား၊ ရက်စွဲများ ရေးသားထားရမည်။

မစွန့်ပစ်မီ ပိုးသန့်စင်ခြင်း (Disinfection)

ရောဂါကူးစက်နိုင်သည့်ပိုးပါဝင်သော စွန့်ပစ်ပစ္စည်းများကို မစွန့်ပစ်မီ ပိုးသန့်စင်မှုများ ဆောင်ရွက်ရမည်-

1. ဓာတုပစ္စည်းများ (0.5% Chlorine, 5% Lysol solution, 1% Hypochlorite solution) အသုံးပြုခြင်း။ (ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် ဓာတ်ခွဲခန်းမှထွက်သော မသန့်ရှင်းသောရေ)
2. ရေနွေးပွက်ပွက်ဆူတွင် မိနစ် (၃၀) ကြာ ပြုတ်ခြင်း။

စွန့်ပစ်ခြင်း (Disposal)

ယာယီသိုလှောင်ရုံမှသော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း အောက်ပါ နည်းလမ်းများဖြင့် စနစ်တကျ ဆောင်ရွက်နိုင်သည် –


(၁) မြေမြှုပ်ခြင်း

ညစ်ပေပြီး ရောဂါကူးစက်မှု အန္တရာယ်ရှိသော အမှိုက်များကို မြေမြှုပ်စွန့်ပစ်ရပါမည်။ ထိရောက်ပြီး ဘေးအန္တရာယ်ကင်းသော မြေမြှုပ်ခြင်း ဖြစ်စေရန် –

- မြေမြှုပ်ရာနေရာကိုအသွားအလာတင်းကျပ်စွာတားမြစ်ထားရမည်
- မြေမြှုပ်ရာနေရာကိုသိသာထင်ရှားသောအမှတ်အသားဖြင့် မြင်လွယ်အောင် သတိပေး ကန့်သတ်ထားရမည်။
- အမှိုက်တွင်းသည် ရေအရင်းအမြစ်နှင့် ပေ ၅၀ အနည်းဆုံးကွာရန် သတိပြုရပါမည်။
- မြေမြှုပ်ရာနေရာသည် ရေစီးရေလာကောင်းမွန်သောနေရာတွင်သာ ဖြစ်သင့်၍ ရေတွင်း၊ ရေကန်များ၏ အနိမ့်ပိုင်း၊ ရေမဝပ်နိုင်သောနေရာများတွင် ထားရှိရပါမည်။

မြေမြှုပ်ရန် တွင်းစီမံခြင်း

- အထက်တွင်ဖော်ပြထားသောအချက်များနှင့် ကိုက်ညီသောနေရာကိုရွေးချယ်ရန်
- ၂ မီတာအနက် နှင့် ၁ မီတာစတုရန်းကျယ်ဝန်းသောတွင်းကိုတူးရန်
- အမှိုက်များကိုတွင်းထဲစွန့်ပစ၍ တကြိမ် ပစ်ပြီးတိုင်း ၁၀ မှ ၁၅ စင်တီမီတာထူမည့် မြေသား ဖြင့် ပြန်လည် ဖုံးအုပ်ရန်၊ တွင်း ပြည့် ရန် ၅၀ မှ ၆၀ စင်တီမီတာအလိုတွင် မြေကြီးဖြင့် အပြည့် နောက်ဆုံး အလွှာအဖြစ် ဖုံးအုပ်ရန် (သို့မှသာအနံ့ဆိုးထွက်ခြင်း၊ အင်းဆက်ပိုးမွှားများ ခိုအောင်းခြင်းနှင့် တိရိစ္ဆာန် များတူးဆွခြင်းတို့ မပြုလုပ်နိုင်ရန် ဖြစ်သည်)
- စွန့်ပစ်သည့် အမှိုက်ပမာဏကိုမူတည်ပြီးတွင်းတတွင်းကို ၂ လ ခန့်အထိအသုံးပြု၍ ရပါ သည်။




(၂) ရိုးရိုးမီးရှို့ခြင်း

ဆေးခန်းထွက် ပစ္စည်းများတွင် ညစ်ပေမှုမရှိသော၊ ကူးစက်ရောဂါ အန္တရာယ် မရှိသော ၊ မီးလောင်လျှင် ညှော်နံ့ဆိုးမထွက်သောအမှိုက်များကို နေရာတခုတွင် ပုံ၍ မီးရှို့ခြင်း၊ တွင်းတခုအတွင်းထည့်ပြီး မီးရှို့ခြင်းများ ပြုလုပ်နိုင်ပါသည်။ ဥပမာအားဖြင့် စာရွက် စက္ကူများ၊ စက္ကူ ပုံးခွံများ၊ သစ်ရွက်ကြွေကဲ့သို့ အမှိုက်များ စသည် တို့ဖြစ်ပါသည်။

(၃) မီးပြင်းဖို (Incinerator) ဖြင့် မီးရှို့ခြင်း

မီးပြင်းဖိုဖြင့် မီးရှို့ခြင်းမှာမီးလောင်လျှင် ဓာတ်ငွေ့ထွက်တတ်သော သို့မဟုတ် ရိုးရိုးမီးရှို့ခြင်းဖြင့် အဆင် မပြေသောအစိုင်အခဲများ၊ အရည်များနှင့် မီးလောင်လွယ်သောငွေ့ရည်ပါဝင်သည့် စွန့်ပစ်ပစ္စည်းများကို အပူချိန်ထိန်းလောင်ကျွမ်းစေခြင်း ဖြစ်ပါသည်။

- မီးပြင်းဖိုဖြင့် မီးရှို့ခြင်းက အပူချိန်မြင့်မားလောင်ကျွမ်းသဖြင့် ရောဂါပိုးမွှားများကို ဖျက်စီးပေးပါသည်။ ရောဂါပိုးမွှားကပ်ငြိတတ်နေတတ်သောအရာများကိုစွန့်ပစ်ရာတွင် အကောင်းဆုံးနည်းလည်း ဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းများ ပြာကျခြင်းဖြင့် အမှိုက် ဝန်ထုပ်ဝန်ပိုးလည်း လျော့ကျစေပါသည်။။။
- ဒေသတွင် အလွယ်တကူရနိုင်သောအုတ်၊ ကွန်ကရစ် များသုံး၍ ရိုးရှင်းစွာ မီးပြင်းဖို တည်ဆောက်နိုင်ပြီး အသင့်ရှိသောလောင်စာဆီများ အသုံးပြုနိုင်သဖြင့် လွယ်ကူပါသည်။
- ဖျန်းဆေးဗူးခွံ (ခြင်ဆေး၊ အနံ့ပျောက်ဆေးစသည်) များ၊ ပမာဏများပြားသောဓာတုပစ္စည်းများ၊ ဓာတ်မှန် ခန်းထွက် စွန့်ပစ် ပစ္စည်းများ၊ အချို့သောပလပ်စတစ်အခွံ (သွေးသွင်းအိတ်၊ အကြောဆေးသွင်း အိတ် စသည်များ) ၊ ပြဒါးပါဝင်မှုများသောသာမိုမီတာအပျက်များ၊ ဓာတ်ခဲဟောင်းများနှင့် ခဲပါဝင်သော ပစ္စည်း ဟောင်းများကို မီးပြင်းဖိုဖြင့် မရှို့သင့်ပါ။



ချွန်ထက်သောအရာများစွန့်ပစ်ရန် ထည့်သိုသည့် အရာများ နှင့်ပတ်သက်၍-
အလွယ်တကူရရှိနိုင်သောအရာများကိုအသုံးပြု၍ ထည့်သိုစရာ ပြုလုပ်ခြင်း
အချို့သောနေရာများတွင် safety box ကဲ့သို့သော ချွန်ထက်သောစွန့်ပစ်ပစ္စည်းများထည့်သိုစရာ ကို လွယ်ကူပေါများစွာရရှိနိုင်သော်လည်း ဖွံ့ဖြိုးဆဲ နိုင်ငံအချို့အတွက်မူ အလွယ်တကူ ရနိုင်သော ပစ္စည်းများမှ တဆင့် ဖန်တီးပြုလုပ်ကြပါသည်။ တိုင်းရင်းသားကျန်းမာရေးအဖွဲ့များ၏ ဆေးခန်းများ အဖို့လည်း ဆေးထိုးအပ်၊ ပြွန် နှင့် ချွန်ထက်သောအရာများ စွန့်ပစ်ရန် ၎င်း နည်းလမ်းများအတိုင်း လုပ်ဆောင်သင့်ပါသည်။ အလွယ်တကူရရှိနိုင်သောပစ္စည်းများသုံးပြီးရိုးရှင်းသော၊ ထိရောက်သော၊ စရိတ်နည်းပါးသော ထည့်သိုစရာများ ဖန်တီး နိုင်ပါသည်။

အလွယ်ရရှိနိုင်သော စွန့်ပစ်ပစ္စည်းများကိုလည်း အသုံးပြုနိုင်ပါသည်။

- အလူမီနီယမ်ဖြင့် ပြုလုပ်သောသတ္တု စားစရာထည့်ဗူးခွံများ
- ခဲမဖြူ သို့မဟုတ် ပလပ်စတစ် အထူဖြင့် ပြုလုပ်သောဗူးခွံများ (ဆီဗူးခွံ၊ ဘီယာ၊ အချို့ရည် ဗူးခွံများ)
- ကတ်ထူစက္ကူပုံးခွံများ
- အဖုံးပါသောရေသန့်ဗူးခွံများ

စသည့် ပစ္စည်းများအသုံးပြုခြင်းကအကုန်အကျလည်းသက်သာပါသည်။

ထိုကဲ့သို့သောပစ္စည်းများဖြင့် ချွန်ထက်သောစွန့်ပစ်ပစ္စည်းများထည့်သိုရာတွင် သတိပြုရန်မှာ-

- အတွင်းမှ အချွန်များအပြင်သို့ ထိုးဖောက်ရန် လွယ်ကူသောအရာများမဖြစ်ရန်
- အပေါက်ဝကိုလွယ်ကူ အန္တရာယ်ကင်းအောင် ပြုလုပ်ရန်
- ဗူးခွံတွင် “ချွန်ထက်သောအရာများ” စာတမ်းကပ်ရန်
- ဗူးခွံ၏ ၄ ပုံ ၃ ပုံနေရာကိုအမှတ်အသားပြုလုပ်ရန်
- ၎င်းတို့ကိုစွန့်ပစ်ရာတွင် မိမိဒေသအလိုက် အသင့်တော်ဆုံး သတ်မှတ်ထားသော စွန့်ပစ် နည်းလမ်းများ လိုက်နာရန်



ချန်ထက်သောပစ္စည်းများစွန့်ပစ်ရန် သိုလှောင်သည့် အရာများနှင့် ပတ်သက်၍ -

- ချန်ထက်သောအရာများစွန့်ပစ်သိုလှောင်ထားမည့် ထည့်သိုစရာကိုလက်လှမ်းမီရာ ၊ မြင်သာသောနေရာ များတွင် ထားရှိရမည်။
- ၎င်းတို့ကိုဆေးထိုးရာအနီးရှိနံရံသို့မဟုတ် မျက်နှာပြင်တခုခုတွင် ချိတ်ဆွဲထားလျှင် ပိုကောင်းပါသည်။
- အခြားသောအမှိုက်များနှင့် ရောနှောစွန့်ပစ်ခြင်းမျိုးမဖြစ်ရလေအောင် သီသာသော အမှတ်အသား သို့မဟုတ် စာရေးသားကပ်ထားရမည်။
- အဆင်ပြေမည့် အနေအထားတခုတွင် ထားရှိခြင်းဖြင့် အလွယ်တကူအသုံးပြုခြင်း ၊ စွန့်ပစ်ခြင်း၊ အသစ်လဲခြင်းများ ပြုလုပ်နိုင်ရန် စီစဉ်ထားရမည်။
- အတွင်းမှ ချန်ထက် စွန့်ပစ်ပစ္စည်းများကို နေရာကျအောင် လှုပ်ခြင်း၊ ခေါက်ခြင်းများ မပြုလုပ်ရပါ။
- ချန်ထက်စွန့်ပစ်ပစ္စည်း ထည့်သိုထားသောအရာများကို လူသွားလူလာများသော နေရာများတွင် မထားရပါ။
- ကလေးသူငယ်များလက်လှမ်းမီသည့်နေရာများတွင် မထားရပါ။
- မလိုအပ်ဘဲမတော်တဆထိခိုက်မိနိုင်သည့် မီးခလုတ်များ၊ ပန်ကာခလုတ်များစသည်တို့၏ အနီးတွင် မထားရှိရပါ။

ချန်ထက် ပြတ်ရှသောပစ္စည်းများစွန့်ပစ်ရာတွင်-

- အတွင်းမှ ပစ္စည်းများဖောက်ထွက်မလာနိုင်သောထည့်သိုစရာများတွင် ပဏာမစုဆောင်းခြင်းဖြင့် ကိုင်တွယ်ထိရှခြင်းကိုလျော့ကျစေပါသည်။
- ထည့်သိုစရာ၏ ၄ ပုံ ၃ ပုံ ပြည့်လာလျင် စွန့်ပစ်ရပါမည်။
- ချန်ထက်သောအရာများကိုစွန့်ပစ်ရာတွင် မီးရှို့ခြင်း၊ မြေမြှုပ်ခြင်း နှင့် ရောနှော အုပ်မံစွန့်ပစ်ခြင်း နည်းလမ်းများ ကိုအသုံးပြုနိုင်ပါသည်။
- ချန်ထက်ပြတ်ရှသောအမှိုက်များစွန့်ပစ်တိုင်းလုပ်ငန်းသုံးလက်အိတ် အထူဝတ်ဆင်ရန် သိထားသင့်ပါသည်။

ရောနှော အုပ်မံစွန့်ပစ်ခြင်း (Encapsulation)

ဤနည်းလမ်းသည်လည်း ချန်ထက်သောအရာများစွန့်ပစ်ရာတွင် ဘေးအန္တရာယ်နည်းပါးသော နည်းလမ်း ကောင်းတခု ဖြစ်ပါသည်။ ပေါက်ပြဲယိုစိမ့်မှု မရှိသောအလုံပိတ် ချန်ထက်သောအရာများ စွန့်ပစ်ရန် စုဆောင်းထားသည့် ထည့်သိုစရာများကို သုံးကြပါသည်။ ထည့်သိုစရာများ ၄ ပုံ ၃ ပုံ ပြည့်လာလျင် ဘိလပ်မြေ၊ ရွှံ့ သို့မဟုတ် ပလပ်စတစ် အရည်များလုံးဝ ပြည့်သည်အထိလောင်းထည့်ရပါသည်။ ထို့နောက် ပစ္စည်းများ မာခဲ သွားသောအခါ လုံအောင်ပိတ်ပြီးတွင်းတူး မြှုပ်နှံခြင်း ဖြစ်ပါသည်။ ချန်ထက်သောအရာများ သာမက ဓာတုပစ္စည်း များနှင့် သက်တမ်းလွန်ဆေးဝါးများကိုလည်းယခု နည်းဖြင့် စွန့်ပစ်နိုင်ပါသည်။

ကွန်ကရစ်ဖြင့် မံထားသော ချွန်ထက် အမှိုက်များ





ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးအစီအစဉ်များအားစဉ်ဆက်မပြတ် စောင့်ကြပ်အကဲဖြတ်ခြင်း

တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများတွင် ရောဂါကူးစက်မှု ကာကွယ်တားဆီးရေး လုပ်ငန်းစဉ်များသည် မဖြစ်မနေလိုအပ်သော အရေးကြီးလုပ်ငန်းဖြစ်ပါသည်။ ထို့ကြောင့် တိကျသေချာသော လုပ်ငန်းစနစ်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းရှိမရှိကို စဉ်ဆက်မပြတ် စောင့်ကြပ် အကဲဖြတ်ရန် လိုအပ်ပါသည်။ ဤသို့ လုပ်ဆောင်ရန်အတွက် အဖွဲ့အစည်းအသီးသီးမှ စောင့်ကြည့်အကဲဖြတ်အဖွဲ့များနှင့် တိုင်းရင်းသားများ ကျန်းမာရေးစနစ် တောင့်တင်းခိုင်းမာရေးအဖွဲ့မှ အရည်အသွေး မြင့်မားရေးအဖွဲ့ဝင်များက အလျဉ်းသင့်သလို ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

ထိုကဲ့သို့ စောင့်ကြပ် အကဲဖြတ်ခြင်း နှင့် လိုအပ်သောထောက်ကူကြီးကြပ်မှု ပေးပြီးအရည်အသွေး မြင့်မားစေရေး ဖြစ်ပေါ်ရန်အလို့ငှာ အောက်ပါ ဆန်းစစ်ချက်များကိုအခြေခံတိုင်းတာရေးကိရိယာများ အဖြစ် သုံးစွဲသွားရန် ရည်ရွယ်ထားပါသည်။

PROCEDURES FOR AWARENESS of INFECTION PREVENTION CONTROL

RISK OF INJECTION

Infection

- It could be particularly severe if a patient gets septicaemia (infection of blood): Risk of shock and death.
- If a patient has fever, low BP, or shivering, after an IV drip, always think that it could be an aseptic mistake due to IV drip.


Overdose

- Too high a dose of medicine may be dangerous for the patient, especially for children.

Fluid Overload

- Too much liquid in too short time
- If the flow is higher than required, there is a risk of acute pulmonary oedema due to hypervolemia (too much liquid).





- Too much liquid in too short time

If the flow is higher than required, there is a risk of acute pulmonary oedema due to hypervolemia (too much liquid).

Signs of pulmonary oedema:

- High blood pressure
- Difficulties to breathe: RR increases
- Crept in the lungs
- Noisy breathing
- Cyanosis
- Flaring nose
- Foam from the mouth

Too much medicine in too short time

- E.g.: the medic prescribes Quinine in 500ml of D10W for 4 hours. The drip passes too quickly and the patient receives more quinine than prescribed. The risk of quinine in high dosage is hypoglycemia. Patient is thus at risk of quinine–overdosage and risk of hypoglycemia. It can be dangerous.

Too low flow

- The patient may need an important quantity of liquid in a short time (e.g. dehydration or shock). If the flow is too slow, the patient does not receive enough liquid and it may be very dangerous. Some medicines are as well no more effective after a certain number of hours.

Air in the vein


- There is a risk of death by air embolism if air goes into the blood.

Allergy

the signs of an allergy:

- Rash
- Swelling of the throat
- Difficulties to breathe
- Low BP
- Stop the infusion immediately and call the medic: It's an emergency.





Recommendations

Asepsis

- You must work aseptically because of infection risk.
- That's why the whole system of infusion is completely changed every 3 days and the bandage every day.

Never let air go inside the vein

- As soon as the bottle is empty, clamp the giving set and put on another bottle, which you prepared just before. Then open the giving set and count again the number of drops necessary.

Daily check

- The position of the needle inside the vein
- The liquid is dripping into the vein
- There isn't swelling, pain or inflammation around the cannula catheter. Otherwise, that means the infusion is not working and that the liquid is going outside of the vein.
- In this last case, remove the infusion and put it on the other arm. Put a dressing with warm water and alcohol on the swollen part.
- Check that the patient has no oedema on the face and leg


INFUSION

Definition

- An infusion is a plastic cannula (with different sizes) placed in a vein that we connect to a giving set and a bottle of hydration.
- Usually the infusion is placed in the arm or on the hand.
- For babies, sometimes veins are found on the foot or on the head.

When do we give infusion?

- Hydrate : When a patient cannot drink or eat (e.g. coma)
- Rehydrate: When a patient loses a lot of liquid (e.g. loss of water caused by diarrhea/vomiting, loss of blood caused by hemorrhage)
- Medication: When an IV treatment is needed
- Rapid Onset of Action: When a faster effect from medicine is needed




Types of Fluid



- Dextrose Solutions : D5W / D5 ½ S / D10W/DS
  D = Dextrose or sugar, W = Water, S = Saline Solution or 0.9% NaCl solution
  5 or 10 = 5% or 10% (= 5 g or 10 g of dextrose for 100 ml of sterile water)
  Indication: – Vehicle for the administration of medicines
- NSS (Normal Saline 0.9%)
  Indication: Vehicle for administration of drugs and Correction of hypovolemia
- Ringer lactate
  Indication: Severe dehydration, hypovolemia
- Plasma
  Indication: Severe dehydration, hypovolemia

Preparation




4. Check the name of solution, the dosage written and expiry date
5. Remove the plastic cover and wipe the top of the bottle/vial with cotton and antiseptic.
6. Close the clamp, connect a bottle of infusion to the giving set, fill the dropper and purge the system with the fluid. There must not be any air or any bubbles
7. Calculate the rate of flow of the infusion per minute

8. Write the hour, name and the dosage of the medicine, number of drops per minute and the length of the infusion on the bottle.
9. Put the infusion on a tray with all the material or directly on the stand
10. Inform the patient and check that it is the right patient
11. Settle the patient and put the arm in a good position. Look for the easier arm (for the patient) to place the injection
12. Wash your hands with soap
13. Put the tourniquet on and look at the veins.
14. Put your gloves
15. Disinfect the skin where you see and feel a straight vein
16. Insert Cannula
17. Check the blood is coming take out needle put it in the needle container and remove the tourniquet
18. Connect the drip set with asepsis
19. Throw the needle in the needle container & Open the drip system.
20. At this moment, if there is a swelling close to the cannula, if it's painful or if the solution







The infusion set must be changed every 7 days. Write the date on a plaster and stick it on the set.

ADDING MEDICINE IN THE BOTTLE:

- Disinfect the top of the bottle
- Clamp on the giving set
- Inject the medicine in the top of the bottle
- You always rinse the giving set first, and then inject the medicine.

HOW TO DO A DIRECT INJECTION:

- Check if the blood is coming to know if you are really in the vein
- Disinfect the plastic part of the tube
- Close the tube
- Prick in the rubber part and inject slowly
- Check the patient condition
- Quickly removes the needle
- Disinfect the plastic part again

HOW TO CALCULATE THE RATE OF FLOW OF INFUSION?

REMEMBER

- With an adult infusion set, 1 ml = 20 drops
- With the paediatric infusion set, 1 ml = 60 drops

How many drops in the volume prescribed?

- 1 ml = 20 drops
- 500 ml = ? drops « 500 ml x 20 drops = 10 000 drops
- So: 500 ml = 10 000 drops

How many minutes in the time allowed?

- 1 hour = 60 minutes
- 4 hours = ? minutes « 4 hours x 60 minutes = 240 minutes
- So: 4 hours = 240 minutes

So Let's Calculate the Infusion Rate

- Total ml of solution in Drops / Total Infusion Time
- 10 000/ 240 = 41.66 = 42 drops
- Ans: 42 Drops/min

In summary, remember:

$$\frac{\text{Quantity needed (ml)} \times 20 \text{ drops}}{\text{Time request (hours)} \times 60 \text{ minutes}} = \text{number of drops / 1 minute}$$

Questions;

1. 100 ml of NS with Tranexamic Acid 1g in 1 hour with infusion set
2. 1.2L of RL in 4 hour Infusion set
3. 1.5L of NS 1, DS 1 and RL 1 for 24 hour with Pediatric set

DRESSING

Purpose of wound dressing

1. To promote wound healing by primary intention
2. To prevent the wound and the body from infection
3. To disinfect and cure any infection
4. To protect the wound from mechanical trauma
5. To prevent hemorrhage by applying a pressure dressing

Materials Required for Dressing

- Sterile instruments:
- one Kocher or Pean forceps
- one dissecting forceps
- one pair of surgical scissors or one scalpel to excise necrotic tissue and to cut gauze or sutures
- Instruments for one dressing for one patient must be wrapped together in paper or fabric (or can be placed in a metallic box) and sterilized together to limit handling and breaks in asepsis.
- 5 to 10 compresses may be included in this set.
- If there are no sterile instruments, a dressing can be done using sterile gloves.
- Renewable supplies:
- sterile compresses
- non–sterile disposable gloves
- adhesive tape and/or crepe or gauze bandage

- sterile 0.9% sodium chloride or sterile water
- depending on the wound: antiseptic (povidone iodine scrub solution, povidone iodine dermal solution), paraffin compresses, analgesics)

Organization of care

Proper organization of care helps maintain the rules of asepsis and decreases the risk of contamination of the wound or transmission of organisms from one patient to another:

Rules of Asepsis

- Assign one room for dressings. It must be cleaned and the waste removed every day. The dressing table must be disinfected after each patient.
- Dressings may be applied at the bedside if the patient's condition requires.
- Use a clean, disinfected dressing trolley with: on the upper tray, sterile and/or clean material (dressing set, extra compresses, etc.) and on the lower tray, septic material (container for contaminated instruments, sharps disposal container and a container or garbage bag for waste).
- Prepare all the necessary material in a well–lighted area. If necessary, arrange for an assistant to be present.
- Wear protective glasses if there is a risk of projection from an oozing wound.
- Always proceed from a clean to dirty area: start from patients with uninfected wounds. If there are multiple dressings for one patient, start with the cleanest wound.

Technique

- If the procedure may be painful, give an analgesic and wait the necessary time for the drug to take effect before starting the procedure.
- Settle the patient comfortably in an area where his privacy is respected throughout the procedure.
- Explain the procedure to the patient and obtain his co–operation.
- Instruments (or sterile gloves) must be changed between patients.
- To prevent drug interactions, use the same antiseptic for all care of one patient.

Removal of An Old Dressing

1. Wash hands (ordinary soap) or disinfect them with an alcohol–based hand rub.
2. Put on non–sterile gloves and remove the adhesive tape, bandage and superficial compresses.
3. Proceed gently with the last compress. If they stick to the wound, loosen them with 0.9% sodium chloride or sterile water before removal.
4. Observe the soiled compresses. If there is significant discharge, a greenish colour or a foul odor, a wound infection is likely.
5. Discard the dressing and the non–sterile gloves in the waste container.

Observe The Wound

- In the case of an open wound, loss of cutaneous tissue or ulcer, the colour is an indicator of the stage in the healing process:
- black area = necrosis, wet or dry infected eschar
- yellow or greenish area = infected tissue and presence of pus
- red area = granulation, usually a sign of healing (unless there is hypertrophy), however, red edges indicate inflammation or infection
- pink area = process of epithelization, the final stage of healing that begins at the edges of the wound
- In the case of a sutured wound, the existence of local signs of suppuration and pain requires the removal of one or more sutures to avoid the infection spreading. Local signs include:
- red indurated and painful edges
- drainage of pus between the sutures either spontaneously or when pressure is applied on either side of the wound

Technique for cleaning and dressing of the wound

1. Wash hands again or disinfect them with an alcohol–based hand rub.
2. Open the dressing set or box after checking the date of sterilization and that the wrapping is intact.
3. Pick up one of the sterile forceps being careful not to touch anything else.
4. Pick up the second forceps with the help of the first one.
5. Make a swab by folding a compress in 4 using the forceps.
6. Clean sutured wound or clean open wound with red granulation:
    a. clean with 0.9% sodium chloride or sterile water to remove any organic residue; work from the cleanest to the dirtiest area (use a clean swab for each stroke);

b. dab dry with a sterile compress;
c. re–cover a sutured wound with sterile compresses or an open wound with paraffin compresses; the dressing should extend a few cm beyond the edges of the wound;
d. keep the dressing in place with adhesive tape or a bandage.

7. Necrotic or infected open wounds
   a. clean with povidone iodine (7.5% scrub solution, 1 part of solution + 4 parts of sterile 0.9% sodium chloride or sterile water). Rinse thoroughly then dab dry with a sterile compress; or if not available, sterile 0.9% sodium chloride or sterile water and apply an antiseptic (10% polyvidone iodine dermal solution).
   b. apply sterile Vaseline and remove all necrotic tissue at each dressing change until the wound is clean.
   c. Discard any sharp materials used in an appropriate sharps container and the rest of the waste in a waste container.
   d. As quickly as possible, soak the instruments in disinfectant.
   e. Wash hands again or disinfect them with an alcohol–based hand rub.
   f. The principles remain the same if the dressing is done using instruments or sterile gloves.

Subsequent Dressings

- Clean, sutured wound: remove the initial dressing after 5 days if the wound remains painless and odorless, and if the dressing remains clean.
  - The decision to re–cover or to leave the wound uncovered (if it is dry) often depends on the context and local practices.
- Infected, sutured wound: remove one or more sutures and evacuate the pus.
  - Change the dressing at least once daily.
- Open, dirty wound: daily cleaning and dressing change.
- Open granulating wound: change the dressing every 2 to 3 days, except if the granulation is hypertrophic (in this case, apply local corticosteroids).

Wound Management

Objectives

1. Able to identify the different types of wound and phases of wound healing.
2. Able to manage the wound appropriately by following the correct steps of wound management
3. Able to make an optimal decision and supervision for a wounded person at the VTHC level Clinics

Wound

An injury to the body (as from violence, accident, or surgery) that typically involves laceration or breaking of a membrane (such as the skin) and usually damage to underlying tissues. (Merriam–Webster Dictionary)

Wound Classifications

1. Classify with Tidiness? or
2. Classify with Onset?

Types of Classifications

- Etiology
- Rank–Wakefield System
- Duration of wound Healing
- Skin Integrity
- Degree of Contamination
- Morphologic

According to Etiology

1. Blunt Trauma Wounds
2. Penetrating Injuries
3. Burn
4. Incisional Wounds
5. Bites , etc.

Rank–Wakefield System

TIDY	UNTIDY
Incised	Crushed or Avulsed
Clean	Contaminated
Healthy Tissues	Devitalised tissue
Seldom tissue loss	Often tissue loss


According to Duration

- Acute Wound: Wound that heals within a period of anticipated time , immediate to few weeks.
- Chronic Wound: One that fails to heal within the expected time for a wound of that type.

According to Skin Integrity

- Open Wound
- Closed Wound

According to Degree of Contamination



Morphologic Classification

1. Bruises
2. Abrasion
3. Laceration
4. Incisional Injuries
5. Crush injuries
6. Degloving Injuries
7. Puncture Wound
8. Penetrating Injuries

Phases of Normal Wound Healing

- The inflammatory phase (up to 2–3 days)
- The proliferative Phase (3rd day to 3rd week)
- The remodelling phase (3rd week to 12th week ,maturing phase)
- Note: Bone, Nerve and Tendon possess their specific healing process.

(Bailey & Love's Short Practice of Surgery 27th Edition)

Factors Influencing Wound Healing

1. Site of the wound
2. Structures involved
3. Mechanism of wounding
    a. Incision
    b. Crush
    c. Crush avulsion
4. Contamination (Foreign Bodies/ Bacteria)
5. Loss of tissue
6. Other Local Factors
    a. Vascular insufficiency
    b. Previous Radiation
    c. Pressure
7. Systemic Factors
    a. Malnutrition or vitamins and mineral deficiencies
    b. Diseases (e.g. DM)
    c. Medications (e.g. steroids)
    d. Immune Deficiencies (e.g. chemotherapy, AIDS)
    e. Smoking

"Delayed Healing may result in loss of Function or Poor Cosmetic Outcome"

The aim of treatment is to achieve healing by primary intention and so reduce the Inflammatory and Proliferative responses.

Classification of Wound Closure and Healing

- Primary Intention
- Wound edged opposes
- Normal Healing
- Minimal Scar
- Secondary Intention
- Wound left open
- Heals by granulation, contraction and epithelialization
- Increased Inflammation and proliferation
- Poor Scar
- Tertiary Intention or Delayed Primary Intention

- Wound initially left open
- Edges later opposed when healing conditions favourable

Managing Acute Wound

- Start with A,B,Cs
- When stabilized, the wound should be examined , taking into consideration the site and possible structures damaged.
- It is essential to assess movement and sensation while watching for pain and listening to patients.
